# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၂၀)၊ ၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၃ ရက် ၊ ၂၂–၁၀–၂၀၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး ကျင်းပ

# MSME လုပ်ငန်းရှင်များအနေဖြင့် အကျိုးအမြတ်ထက် တည်ငြိမ်ပြီးတိုးတက်မှုကို ဦးစားပေးသည့် ထုတ်လုပ်မှုနှင့် စက်မှုဖွံ့ဖြိုးရေးဖြစ်စေရန် ဦးတည်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၄/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များက Video Conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ အစိုးရအဖွဲ့အနေဖြင့် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက်(၄)ရပ်ကို အောင်မြင်အောင် ကဏ္ဍအလိုက် တွန်းအားပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတကာ မျက်နှာစာဘက်တွင်လည်း နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတကာခေါင်းဆောင်များအကြား ထိတွေ့ဆက်ဆံမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး မိမိတို့နိုင်ငံအပေါ် ထောက်ခံအားပေးမှုနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု စသည့်အခွင့်အလမ်းများ ပိုမိုရရှိလာခဲ့ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများအနေဖြင့် အဆိုပါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်

**စာမျက်နှာ ၃ သို့** ❁



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၄/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၂**

**ထူးခြားသည့်အခြေအနေမှာ** ယနေ့ မြန်မာစံတော်ချိန် ၁၇း၃၀ နာရီအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသောအပူပိုင်းမုန်တိုင်း "ဖန်ရှန်" (FENGSHEN)သည် အနောက်–အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံ၊ ဒါနန်းမြို့ (Da Nang)၏ အရှေ့မြောက်ဘက် ရေမိုင် ၁၂၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မိုး/ဧလ**

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၂၃ ရက် ၊ ကြာသပတေးနေ့ ။

မန္တလေးနေ့စဉ်

# စာရိတ္တဖြည့်တင်းခြင်းမှာ မကောင်းသည်ကို ရှောင်၍ ကောင်းသည်ကို ဆောင်ရမည်

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့်သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်တွင် အတ္တသမ္မာပဏိဓိစ-မိမိ၏ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာစောင့်ထိန်းခြင်း။ ဝိနယောစသုသိက္ခိတော-ကိုယ်နှုတ်နှလုံး ကိုယဉ်ကျေးအောင်ဆုံးမတတ်သည့် လူနှင့်ဆိုင်သော ကျင့်ဝတ်တရားကိုကောင်းစွာသင်ယူခြင်း၊ သုဘာသိတာစယာဝါစာ-ကောင်းသော စကားကိုပြောဆိုခြင်း။ အပြောအဆိုယဉ်ကျေးခြင်း။ အနဝဇ္ဇာနိကမ္မာနိ-အပြစ်ကင်းသော အမှုတို့ကိုပြုခြင်း။ အာရတီ-မကောင်းမှုမဖြစ်အောင်ဝေးစွာရှောင်ခြင်း။ ဝိရတီပါပါ-မကောင်းမှုမဖြစ်အောင် ကိုယ်စိတ်နှစ်ပါးဖြင့် ရှောင်ကြဉ်ခြင်း။ သန္တုဋ္ဌီစ-ရောင့်ရဲလွယ်ခြင်း(လောဘအလိုမလိုက်ခြင်း)၊ တပေါစ- မြိုးမြဲစွာကျင့်ခြင်းစသည်တို့မှာ စာရိတ္တကောင်းမွန်ရေးအတွက် လမ်းညွှန်ချက်များ ဖြစ်ပေသည်။

မိဘနှင့်ဆရာများက မိမိတို့၏သားသမီး၊ တပည့်များကို ဗလငါးတန်နှင့် ပြည့်စုံပြီးတိုင်းပြည်က အားထားရသော လူတော်လူကောင်းများ ဖြစ်စေချင်သည်။ စိတ်ရင်းစိတ်ထားကောင်းကောင်းဖြင့် အများအကျိုးသယ်ပိုးလိုသော စိတ်ကောင်းစေတနာကောင်းရှိသူများ ဖြစ်စေချင်သည်။ စိတ်ကောင်းစေတနာကောင်းမှာ စာရိတ္တကောင်းမွန်ရန် လိုအပ်ပေသည်။ ဗလငါးတန်တွင်အဓိက အကျဆုံးသော အရာမှာစာရိတ္တဗလဖြစ်သည်။ စာရိတ္တကောင်းမွန်ရန်အတွက် စောင့်စည်းအပ်သည်ကို စောင့်စည်းရပေမည်။ စာရိတ္တဖြည့်တင်းခြင်းမှာမကောင်းသည်ကိုရှောင်၍ ကောင်းသည်ကို ဆောင်ခြင်းပင် ဖြစ်သည်။ လူ့လောကတွင် ကောင်းသည်ကို မဆောင်ရွက်သည့်ထက် မကောင်းသည်ကို ရှောင်နိုင်ခြင်းမှာတစ်ဝက်သော အောင်မြင်မှုကို ရယူနိုင်လေသည်။ ကောင်းသောအပြုအမူကိုပြုလျှင် ကောင်းမွန်သည်။ မကောင်းသော အပြုအမူကိုပြုမူလျှင်ဆုတ်ယုတ် ထိခိုက်စေနိုင်ပါသည်။ မကောင်းမှုကိုရှောင်ရန်အရည်အချင်းမှာ မကောင်းမှုနှင့်ကောင်းမှုတွင် မကောင်းမှုဘက်သို့သာနှယ်တတ်သော လူ့လောကဝယ် အထူးလိုအပ်လေသည်။ မကောင်းမှုကိုရှောင်ခဲ့လျှင် ပြုသမျှသည် ကောင်းမှုများသာဖြစ်နိုင်လေသည်။ မကောင်းမှုကို ရှောင်ရှားရန်မှာ ခိုင်မာသောစိတ်၊ သန့်စင်သောဆန္ဒဖြင့်နေထိုင်သွားလာရန်ဖြစ်သည်။ မိမိစိတ်ကိုချုပ်တည်းနိုင်ခြင်းသည် အောင်မြင်မှု၏ လမ်းအစကို တွေ့မြင်ရခြင်းဖြစ်သည်။ စိတ်ပင်ပန်းသည်ဟု ဆိုနိုင်စေကာမူမကောင်းမှုကိုပြုရန် ဆန္ဒရှိတော့မည်မဟုတ်ပေ။ လူတစ်ဦးတွင်လိုချင်တပ်မက်မှု လောဘနည်းနိုင်သမျှနည်းအောင် စိတ်ကို ထိန်းချုပ်နိုင်ခြင်းသည် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်မည့်အရေးကို တားဆီးလိုက်ခြင်းဖြစ်ပေသည်။ စာရိတ္တကောင်းသူတစ်ဦးသည်အိမ်၌ဖြစ်စေ၊ လုပ်ငန်းခွင်၌ဖြစ်စေ၊ ဘဝလမ်းကြောင်းနှင့် ဆက်ဆံရေး ပြင်ပလောက၌ဖြစ်စေ ချစ်ခင်သူများပြားပေမည်။ စာရိတ္တကောင်းခြင်းသည် တစ်နေ့အမှု၊ တစ်လအမှုမဟုတ်ပေ။ တစ်သက်တာ အမှုပင်ဖြစ်လေသည်။ အကျင့်ကောင်းခြင်းသည်စိတ်ကောင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ သို့ဖြစ်ရာ လူတစ်ဦးနှင့်တစ်ဦးအကဲဖြတ် စဉ်းစားဆုံးဖြတ်ကြသည့်အခါ စာရိတ္တကောင်းခြင်း၊ မကောင်းခြင်းသည် အဓိကဆုံးဖြတ်ရာဖြစ်သည်။ လူတို့သည် အသက်ရှင်နေသမျှကာလပတ်လုံး လှုပ်ရှားဆောင်ရွက်ရန် ကိစ္စအဝဝရှိသမျှအတွက် အရည်အချင်းသုံးစွဲရမြဲဖြစ်လေသည်။ ထိုသို့အမျိုးမျိုးကို သုံးစွဲရာတွင် စာရိတ္တသည်လူတို့အတွက် လိုအပ်သော ပဲ့ကိုင်အရည်အချင်းဖြစ်သည်။ မကောင်းမှုပြုရမည်ကို ရှက်ခြင်း၊ မကောင်းမှုပြုရမည်ကိုကြောက်ခြင်းဟူသော ဟိရိဩတ္တပ္ပတရားနှစ်ပါးကို စောင့်ထိန်းလိုက်နာ ကျင့်ကြံသူသည် စာရိတ္တကောင်းသူအဖြစ် အများသတ်မှတ်ကြမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို (၂၇-၁၀-၂၀၂၅) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ နုနုလွင်<br>ဒုတိယပါမောက္ခချုပ်<br>Naypyitaw State Academy<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>Naypyitaw State Academy<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ နေခြည်လှဲ့လှဲ့သိန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

## ၂၂ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၈လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြားနှင့် ဆီအမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ရွာလယ်ဘုန်ကြီးကျောင်းဝင်းအတွင်းတို့တွင်လည်းကောင်း ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို အောက်တိုဘာ ၂၃ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ ၁၀၆လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြား၊ အောင်ပင်လယ်ရပ်ကွက်၊ အောင်ဇေယျတံတားအနောက်ဘက်တွင်လည်းကောင်း၊ အောက်တိုဘာ ၂၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ ၁၂၅လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။




ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်



**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

※ ရှေ့ဖုံးမှ

အခွင့်အလမ်းများအနက် နည်းပညာဖွံ့ဖြိုးမှုနှင့် ပြည်ပကုန်သွယ်မှုတို့သည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေသဖြင့် သက်ဆိုင်ရာလုပ်ငန်းများအလိုက် အောင်မြင်အောင် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကုန်သွယ်ရေးစနစ်တွင်လည်း လျင်မြန်သည့် On Net 2.0 စနစ်ဖြင့် စတင်နေပြီဖြစ်ကြောင်း၊ နိုင်ငံတကာဈေးကွက်နှင့် ကုန်သွယ်မှုလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးရေး စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

**စိုက်ပျိုးရေးနှင့်ပတ်သက်၍** မိမိတို့နိုင်ငံသည် စိုက်ပျိုး မွေးမြူရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် သီးနှံအထွက်တိုးမြှင့်ရေးသည် နိုင်ငံ၏ အဓိကပန်းတိုင်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက **"နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"** ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး စားနပ်ရိက္ခာ လုံလောက်စွာရရှိနိုင်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မျိုးစေ့ဖွံ့ဖြိုးရေးဌာနများ၊ သုတေသနဌာနများ ပူးပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်လည်း နိုင်ငံအနှံ့ မျိုးကောင်းမျိုးသန့် မျိုးမှန်ရရှိရေးအတွက် သုတေသနလုပ်ငန်းသစ်များ ထပ်မံတိုးမြှင့်အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝါနှင့်ပတ်သက်၍ စိုက်ဧကအတိုင်း တစ်ဧက အထွက်နှုန်းပြည့်မီအောင် ချည်မျှင်ရှည်ဝါ၊ မျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ပြည်တွင်းဖူလုံရုံသာမက ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ဝါးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် နှစ်စဉ်ဝါးတန်ချိန်များစွာ ထွက်ရှိသည့်အတွက် ဝါးကိုအခြေခံသည့် ထုတ်ကုန်ပစ္စည်းများအပြင် ဝါးစက္ကူပျော့ဖတ်ကို ထုတ်လုပ်နိုင်ရန်အတွက် စီမံကိန်းချမှတ်ပြီး စိုက်ပျိုးဆောင်ရွက်ကြစေလိုကြောင်း၊ ရော်ဘာနှင့် ရော်ဘာထုတ်ကုန်ပစ္စည်းများကိုလည်း ပြည်တွင်းမှထွက်ရှိသည့်ရော်ဘာအခြေခံကုန်ကြမ်းများ အသုံးပြု၍ အဆင့်မြင့် ကုန်ချောထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်စေနိုင်ကြောင်း၊ သီးနှံအထွက်တိုးမြှင့်ရေးသည် တောင်သူများ၏ အကျိုးသာမက နိုင်ငံ၏အောင်မြင်မှုလည်း ဖြစ်သောကြောင့် မဖြစ်မနေ အလေးထား ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသား စိုက်ပျိုးမြေများပေါ်တွင် တစ်ဧကသီးနှံအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဓာတ်မြေဩဇာများကို မိုးစပါးစိုက်တောင်သူများအတွက် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးထားကြောင်း၊ လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder) များကိုလည်း ထောက်ပံ့ပေးထားကြောင်း၊ အဆိုပါထောက်ပံ့ပေးထားသည့် ဒေသများတွင် ပန်းတိုင်အထွက်နှုန်း အမှန်တကယ်ရရှိရေး ကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်း၊ **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဆိုသည့်အတိုင်း နှစ်ရှည်သီးနှံပင်များကို တစ်အုပ်တစ်မ စိုက်ပျိုးပြီး နိုင်ငံတွင်း သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းကို တိုးမြှင့်ရမည်ဖြစ်ကြောင်း။

**စက်မှုကဏ္ဍနှင့်ပတ်သက်၍** နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအခြေခံအားဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်သွားကြစေလိုကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ဒစ်ဂျစ်တယ်စနစ်၊ နည်းပညာသုံးထုတ်လုပ်မှုစနစ်နှင့်ပတ်သက်သည့် အသိပညာများရရှိရန် လိုအပ်ကြောင်းနှင့် အကျိုးအမြတ်ထက် တည်ငြိမ်ပြီးတိုးတက်မှုကို ဦးစားပေးသည့် ထုတ်လုပ်မှုနှင့် စက်မှုဖွံ့ဖြိုးရေးဖြစ်စေရန် ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**တရားမဝင်ကုန်သွယ်မှုနှင့်အရေးယူမှုများနှင့်ပတ်သက်၍လည်း** မိမိတို့နိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် တရားမဝင်ကုန်သွယ်မှုသည် အဓိက အဟန့်အတားဖြစ်နေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်လျက်ရှိသည့်အတွက် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာဌာနများက ယခုထက်ပိုမိုတားဆီးကြပ်မတ်ဆောင်ရွက်စေလိုကြောင်းနှင့် ဖမ်းဆီးရမိမှုများကို ဥပဒေပုဒ်မ မှန်မှန်ကန်ကန်ဖြင့် တရားစွဲအရေးယူရန် လိုအပ်ကြောင်း။

**ပညာရေးနှင့်ပတ်သက်၍** လူတိုင်း ပညာသင်ယူမှုအခွင့်အလမ်းများမြှင့်တင်ရေး၊ နိုင်ငံသားတိုင်း KG+9 ပြီးမြောက်အောင်မြင်ရေး၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများ အားပေးဆောင်ရွက်ရေး၊ ကျောင်းသား ကျောင်းသူများ ရာနှုန်းပြည့်နီးပါး အတန်းစဉ်အောင်မြင်ရေးနှင့် ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားပေးရေး အတန်းစဉ်ကူးပြောင်းရာတွင် ရှိရင်းကျောင်းသားဦးရေထက် လျော့နည်းမသွားစေရေး ကြပ်မတ်ဆောင်ရွက်ရေးနှင့် နိုင်ငံတော်ကချမှတ်ထားသည့် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း။

**ကျန်းမာရေးနှင့်ပတ်သက်၍** လက်ရှိပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့် ရောဂါဖြစ်ပွားလာပါကလည်း အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုပေးနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက **"ဆေးရုံတိုင်းဆရာဝန်ရှိရမည်"**ဟု မူဝါဒချမှတ် ပေးထားသည့်အတွက် ဆေးရုံများအတွက် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားပေးရန်လိုအပ်ကြောင်း။

**အားကစားကဏ္ဍနှင့်ပတ်သက်၍ "အားကစားကို မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်"** ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံတော်အကြီးအကဲအနေဖြင့် အားကစားကဏ္ဍကို အားပေးမြှင့်တင်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ရှိ မြို့ကြီးများတွင် မိုးလုံလေလုံ အားကစားရုံ၊ ရေကူးကန်၊ လူ ၅၀၀၀ ပွဲကြည့်နိုင်သည့် အဆင့်မြင့် ပွဲကြည့်စင်နှင့် Synthetic Rubber Track and Field ကွင်းအပါအဝင် ဘောလုံးကွင်းများကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည့်အတွက် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းများအလိုက် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းအောင် လေ့ကျင့်မွေးမြူပြီး အားကစားကဏ္ဍကို မြှင့်တင်ပေးကြစေလိုကြောင်း၊ မကြာမီ ထိုင်းနိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်ကြပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင် အားပေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

**ဘဏ္ဍာရေးနှင့်အခွန်ကဏ္ဍနှင့်စပ်လျဉ်း၍** ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် တင်ပြတောင်းခံထားသည့် အသုံးစရိတ်များနှင့် လုပ်ငန်းများသည် နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဖြစ်သည့်အတွက် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အရည်အသွေး ပြည့်မီစေရေး၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်ဖြင့် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အခွန်ကဏ္ဍသည် အရေးကြီးသည့်အတွက် အခွန်ကောက်ခံမှု လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လိုအပ်ကြောင်းနှင့် သတ်မှတ်ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများကို လိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများအတိုင်း အလေးထား ဆောင်ရွက်ကြစေလိုကြောင်း။

**ရွေးကောက်ပွဲနှင့်ပတ်သက်၍** လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရေး၊ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကို ပြည်သူများ အသုံးပြုတတ်စေရန် ပညာပေးရေး၊ ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ရေး စသည်များကို အလေးထားဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်းနှင့် ယခုအစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက အမှာစာများအား ရှင်းလင်းဖတ်ကြားတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။သတင်းစဉ်

- ★ **နိုင်ငံတကာ မျက်နှာစာဘက်တွင်လည်း နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတကာ ခေါင်းဆောင်များအကြား ထိတွေ့ဆက်ဆံမှုများ အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီး မိမိတို့နိုင်ငံအပေါ် ထောက်ခံအားပေးမှုနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုစသည့် အခွင့်အလမ်းများ ပိုမိုရရှိလာခဲ့**
- ★ **ဝန်ကြီးဌာနများအနေဖြင့် အဆိုပါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများအနက် နည်းပညာဖွံ့ဖြိုးမှုနှင့် ပြည်ပကုန်သွယ်မှုတို့သည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေသဖြင့် သက်ဆိုင်ရာလုပ်ငန်းများအလိုက် အောင်မြင်အောင် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်**
- ★ **ကုန်သွယ်ရေးစနစ်တွင်လည်း လျင်မြန်သည့်** On Net 2.0 **စနစ်ဖြင့် စတင်နေပြီဖြစ်**
- ★ **နိုင်ငံတကာဈေးကွက်နှင့် ကုန်သွယ်မှုလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးရေး စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ အန်နာ ဆာဂျီယဲဗ်နာ ဗင်နီကောဗာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး ညှိတွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသတို့အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စက်မှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးကိုကိုကျော်နှင့် ဦးမင်းမင်းတို့ တက်ရောက်ကြပြီး နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ နိုဗိုစီဗစ်ဒေသဆိုင်ရာ ယဉ်ကျေးမှုဝန်ကြီးဌာန၊ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးရုံးနှင့် နိုဗိုစီဗစ်ဒေသအစိုးရ အဖွဲ့ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Ms Gwyn Lewis အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ အန်နာ ဆာဂျီယဲဗ်နာ ဗင်နီကောဗာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Jasmin Naypyitaw Hotel ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးအပါအဝင် ကဏ္ဍစုံ၌ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ နိုဗိုစီဗစ်ဒေသအကြား လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်နှင်းမြဖံ့နှင့် ဒုတိယဝန်ကြီး ဦးအေးထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော အဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ကြည်ညိုလေ့လာခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**





# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၆၆ ရက်

သာ လိုတော့သည်။

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

- အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင်ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက်နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။


## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံပိုင်စွမ်းအင်ဆိုင်ရာ အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ကုမ္ပဏီများမှ ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၂

၂၀၂၅ ခုနှစ် စွမ်းအင်အသွင်ကူးပြောင်းရေး အပြည်ပြည်ဆိုင်ရာဖိုရမ် တက်ရောက်ရန်နှင့် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ နိုင်ငံပိုင် China National Oil & Gas Exploration and Development Corporation (CNODC) ဧည့်ခန်းမဆောင်၌ CNODC ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အလားအလာကောင်းမွန်သော ကမ်းလွန်လုပ်ကွက်များတွင် နှစ်ဖက်အကျိုးတူပူးပေါင်း၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ကမ်းလွန်စီမံကိန်းများနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲမှု၊ စီးပွားရေးနှင့် ဥပဒေရေးရာကဏ္ဍများတွင် သင်တန်းများစေလွှတ်၍ သင်ယူလေ့လာရေး၊ နှစ်ဖက်နီးကပ်စွာထိတွေ့ဆက်ဆံနိုင်ရေးအတွက် Working Group များ အပြန်အလှန်စေလွှတ်ရေး၊ မြန်မာ့စွမ်းအင်ကဏ္ဍတွင် လိုအပ်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးလာစေရေးအတွက် လိုအပ်သည့်အကူအညီဖြည့်ဆည်းပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် Canadian Foresight Group (CFG) နှင့် China Oilfield Services Limited (COSL) တို့၏ ဥက္ကဋ္ဌများ ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံပြီး နှစ်ဖက်အလားအလာကောင်းမွန်သော ကမ်းလွန်လုပ်ကွက်တွင် တူးဖော်ရေးဆိုင်ရာကိစ္စရပ်များ အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြသည်။



ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် CNPC ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် ပေကျင်းမြို့ရှိနိုင်ငံပိုင် China National Petroleum Corporation (CNPC) ဧည့်ခန်းမဆောင်၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ အလားအလာကောင်းသော ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှု လာရောက်ဆောင်ရွက်ရေး၊ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို သွယ်တန်းထားပြီးဖြစ်သည့် အရှေ့တောင်အာရှ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအတွင်း ပို့လွှတ်သယ်ဆောင်နိုင်ရေး၊ ကမ်းလွန်လုပ်ကွက်အသစ်များကို လေ့လာပြီး ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ၏ စွမ်းရည်အပြည့် အဝအသုံးပြုနိုင်ရန် ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်းတွင်းပိုက်လိုင်းများအား သတ်မှတ်စံချိန်စံညွှန်းအတိုင်း အသုံးပြုနိုင်ရန်အတွက် အစားထိုးလဲလှယ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများတွင် စိတ်ပါဝင်စားသည့်ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ဖော်ဆောင်ပေးရေး၊ ရေနံချက်စက်ရုံများ အသစ်တိုးချဲ့တည်ဆောက်ခြင်းစီမံကိန်းများအတွက် လိုအပ်သည့် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ စဉ်ဆက်မပြတ်ရရှိနိုင်ရေး၊ ပိုက်လိုင်းလုံခြုံရေးနှင့် ပိုက်လိုင်းတစ်လျှောက် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းစေရန် ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ အပြန်အလှန် ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် သံပုရာကန် ရေနံချက်စက်ရုံစီမံကိန်းကို တာဝန်ယူဆောင်ရွက်မည့် Sino-pipeline International (SPI) ကုမ္ပဏီဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် အလုပ်သဘော နေ့လယ်စာအတူတကွသုံးဆောင်ကြသည်။

ထိုသို့ သုံးဆောင်စဉ် ရေနံချက်စက်ရုံအသစ်စီမံကိန်းအတွက် လိုအပ်သည့် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့သယ်ယူပို့ဆောင်နိုင်ရန် ပိုက်လိုင်းများ သွယ်တန်းနိုင်ရေး၊ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ၏ စွမ်းရည်အပြည့် အသုံးပြုနိုင်ရန်အတွက် ကနဦးဆန်းစစ်ခြင်းများကို လျင်မြန်စွာ စတင်ဆောင်ရွက်ပြီး ပူးပေါင်းဆောင်ရွက်ရေးတို့ကို အပြန်အလှန်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးအား စွမ်းအင်ကဏ္ဍဆိုင်ရာအဖွဲ့များမှ အကြီးအကဲများက လာရောက်တွေ့ဆုံကြပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်း၊ ရေနံချက်စက်ရုံ တည်ဆောက်ခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ တပ်ဆင်သွယ်တန်းခြင်း၊ စွမ်းအင်ကဏ္ဍတွင် အသုံးပြုလျက်ရှိသည့် ခေတ်မီစက်ပစ္စည်းကိရိယာများနှင့် နည်းပညာများအား ရှင်းလင်းတင်ပြခြင်း၊ ကျောက်မီးသွေးမှ ဓာတ်မြေသြဇာထုတ်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ သန့်ရှင်းသော စွမ်းအင်အမျိုးမျိုးအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းဆိုင်ရာကိစ္စရပ်များတွင် ဆောင်ရွက်နိုင်မည့်အခြေအနေကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက မိမိတို့၏ စွမ်းအင်ကဏ္ဍတွင် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ များစွာရှိသဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ပြန်လည်ဖိတ်ခေါ်ဆွေးနွေးသည်။

ထို့ပြင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံပိုင် ဘူမိရူပစူးစမ်းလေ့လာရေးနှင့် ရေနံရှာဖွေရေးပစ္စည်းများ ထုတ်လုပ်သည့် BGP ကုမ္ပဏီသို့ သွားရောက်၍ 3D Seismic ကို အသုံးပြုပြီး လက်တွေ့တိုင်းတာဆောင်ရွက်မှုများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေး နည်းပညာများ၊ Seismic တိုင်းတာရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်နေမှုတို့ကို သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

## မိတ္ထီလာခရိုင်တွင် မဲပေးစက်ဆိုင်ရာ နည်းပညာအထောက်အကူပြုသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်တွင် မဲပေးစက်ဆိုင်ရာနည်းပညာ အထောက်အကူပြု သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မိတ္ထီလာကွန်ပျူတာတက္ကသိုလ်တွင် ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ဆိုင်ရာ ခရိုင်ကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မိတ္ထီလာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးနန္ဒကျော်သူက မဲပေးစက်ဆိုင်ရာ နည်းပညာအထောက်အကူပြုသင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားခဲ့သည်။ ၎င်းနောက် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ ခရိုင်ကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး၊ မိတ္ထီလာခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မဲပေးစက်ဆိုင်ရာနည်းပညာ အထောက်အကူပြုသင်တန်းဖွင့်လှစ်သင်ကြားမည့် သင်တန်းခန်းမများအား လိုက်လံကြည့်ရှုခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။

အဆိုပါ မဲပေးစက်ဆိုင်ရာ နည်းပညာအထောက်အကူပြုသင်တန်းကို မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် ညောင်ဦးခရိုင်တို့မှ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များက ဆရာ၊ ဆရာမများနှင့် ဌာနဆိုင်ရာဝန်ထမ်း စုစုပေါင်း ၉၇ ဦး တက်ရောက်ခဲ့ပြီး ၎င်းသင်တန်းကို အောက်တိုဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၆၉)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ

# မြန်မာနိုင်ငံတွင် စားသုံးဆီနှင့် ပဲပုပ်ကြိတ်ဖတ်ဖူလုံရေးအတွက် ပဲပုပ်ကြိတ်ခွဲရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း စီမံကိန်းစတင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၂

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၅)ဖြင့် ဆောင်ရွက်မည့် မြန်မာနိုင်ငံတွင် စားသုံးဆီနှင့်ပဲပုပ်ကြိတ်ဖတ်ဖူလုံရေးအတွက် ပဲပုပ်ကြိတ်ခွဲရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စီမံကိန်းစတင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် စားသုံးဆီနှင့် ပဲပုပ်ကြိတ်ဖတ်ဖူလုံရေးအတွက် ပဲပုပ်ကြိတ်ခွဲရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း(Establishment of a Soybean Processing Plant through Research and Development for Cooking Oil and Soybean Meal Sufficiency in Myanmar) စီမံကိန်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ယခင်စီမံကိန်း၏ အောင်မြင်မှု အတွေ့အကြုံများအပေါ် အတွေ့အကြုံရယူ၍ ပိုမိုတိုးတက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းအသစ်ဖြစ်ကြောင်း။

ပြည်တွင်းစားသုံးဆီ လိုအပ်ချက်၏ ၅၈ ရာခိုင်နှုန်းနီးပါးကို နိုင်ငံခြားငွေအမြောက်အမြား အကုန်အကျခံကာ တင်သွင်းနေရလျက်ရှိပြီး မွေးမြူရေးကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သော ပဲပုပ်ကြိတ်ဖတ်ကိုလည်း နှစ်စဉ်မက်ထရစ်တန်ချိန် သုည ဒသမ ၆ သန်းခန့် ပြည်ပမှ ဝယ်ယူနေရကြောင်း၊ ဤလိုအပ်ချက်နှစ်ခုလုံးကို ပြည်တွင်းဖြစ် ထုတ်ကုန်များဖြင့် လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရန်အတွက် အရည်အသွေးပြည့်မီသည့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်နိုင်ရေးအပါအဝင် ယခုစီမံကိန်းသည် ပြည်တွင်းစွမ်းအား၊ သုတေသနနှင့် နည်းပညာများဖြင့် ရင်ဆိုင်ဖြေရှင်းမည့် မဟာဗျူဟာမြောက် ချဉ်းကပ်မှုဖြစ်ပါကြောင်း၊ ဤစီမံကိန်း၏ အဓိကရည်မှန်းချက်မှာ ပဲပုပ်စိုက်ပျိုးရေးမှသည် တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်သည့် စားသုံးဆီနှင့် ပဲပုပ်ဖတ်အထိ တန်ဖိုးကွင်းဆက်တစ်ခုလုံးကို ခိုင်မာအောင် တည်ဆောက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

## ဝိုင်းဝန်းအကြံပြုဆွေးနွေး

ယင်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စီမံကိန်းတာဝန်ခံက စီမံကိန်းလုပ်ငန်းအစီအစဉ်များကို တင်ပြရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရှင်များ၊ သုတေသီများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ဒုတိယအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ထားသောလူနာများ ကြည့်ရှုအားပေး



နေပြည်တော် အောက်တိုဘာ ၂၂

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများ လိုအပ်သော နိုင်ငံတကာအဆင့်မီကုသမှုများကို ပြည်တွင်း၌ လက်လှမ်းမီရရှိနိုင်ခြင်းဖြင့် ပြည်သူများ ဆေးကုသမှုအတွက် စိုက်ထုတ်ကုန်ကျစရိတ် သက်သာစေရေးနှင့် ပြည်သူ့ဆေးရုံများ၏ ကုသမှုအရည်အသွေး တိုးတက်စေရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ကျောက်ကပ်ရောဂါလူနာများအတွက် ပြည်တွင်း၌ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုခံယူနိုင်ရန် အထူးကုဆေးရုံကြီး ခုတင်-၅၀၀ (ရန်ကုန်)၊ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)တို့တွင်ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

## အားပေးစကားပြောကြား

ထိုသို့ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် ဒုတိယအကြိမ်နှင့် တတိယအကြိမ်အဖြစ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုခံယူထားသောလူနာနှင့် အလှူရှင်များကိုတွေ့ဆုံ၍ အားပေးစကားပြောကြားကာ အစားအသောက်လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ၊ သူနာပြုများအား တွေ့ဆုံအားပေးကာ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ မှာကြားသည်။

နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ဒုတိယအကြိမ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို အောက်တိုဘာ ၁၆ ရက်တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နေ အသက် (၃၁) နှစ်ရှိအမျိုးသားကျောက်ကပ်လူနာနှင့် ကျောက်ကပ်အလှူရှင် အစ်ကိုတော်စပ်သူ အသက်(၄၃)နှစ် အမျိုးသားတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသမှုကို နံနက် ၉ နာရီမှ စတင်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီတွင် ပြီးစီးခဲ့၍ စုစုပေါင်းခွဲစိတ်ချိန် ငါးနာရီ ကြာမြင့်ခဲ့သည်။

တတိယအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို အောက်တိုဘာ ၁၇ ရက်တွင် နေပြည်တော် တပ်ကုန်းမြို့နယ်နေ အသက် (၃၁)နှစ်ရှိ ကျောက်ကပ်လူနာ အမျိုးသမီး (သားဖွား ဆရာမ)နှင့် ကျောက်ကပ်အလှူရှင် မိခင်တော်စပ်သူ အသက် (၅၂)နှစ် အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသမှုကို နံနက်၉နာရီမှ စတင်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီခွဲတွင် ခွဲစိတ်ကုသမှု ပြီးစီးခဲ့၍ စုစုပေါင်း ခွဲစိတ်ချိန် ငါးနာရီခွဲကြာမြင့်ခဲ့သည်။

ဒုတိယအကြိမ်နှင့် တတိယအကြိမ်ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သော လူနာနှင့် ကျောက်ကပ်အလှူရှင် လေးဦးတို့၏ ခွဲစိတ်ပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသဌာနတွင် ထားရှိကာ လိုအပ်သော ပြုစုကုသမှုများကို ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ပထမအကြိမ် ကျောက်ကပ်အစားထိုးကုသမှု ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်နှင့် တတိယအကြိမ်အဖြစ် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို အထူးကုဆေးရုံကြီး ခုတင်-၅၀၀ (ရန်ကုန်)မှ ပါမောက္ခ/ဌာနမှူးပါမောက္ခဒေါက်တာကျော်စိုးကျော်၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ပါမောက္ခဒေါက်တာသဇင်ခိုင်နှင့် ဆေးတက္ကသိုလ်(၂)ရန်ကုန်မှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာမျိုးသန်း တို့ပါဝင်သော ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုသမှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ အထူးကုဆေးရုံကြီး ခုတင်-၅၀၀ (ရန်ကုန်)မှ ပါမောက္ခဒေါက်တာရည်ရည်ခိုင်၊ ပါမောက္ခ/ဌာနမှူး (ငြိမ်း) ပါမောက္ခဒေါက်တာခင်သီတာသွင်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ အထူးကုဆရာဝန်ကြီး ဒေါက်တာယဉ်ယဉ်မွန်၊ အထူးကုဆရာဝန်ကြီး ဒေါက်တာငုဝါဝါမင်းတို့ပါဝင်သော ဆီးနှင့်ကျောက်ကပ်ဆေးကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာဝင်းဝင်းကျော် ဦးဆောင်သော နှလုံးနှင့်သွေးကြောခွဲစိတ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခ ဒေါက်တာမောင်မောင်ဆွေ၊ ပါမောက္ခ/ဌာနမှူး(ငြိမ်း) ပါမောက္ခဒေါက်တာ ကြည်ကြည်စန်း တို့ပါဝင်သော မေ့ဆေးပညာဆိုင်ရာလုပ်ငန်းအဖွဲ့၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခဒေါက်တာစန်းစန္ဒာခင်နှင့် တွဲဖက်ပါမောက္ခ(အဏုဇီဝ) ဒေါက်တာခိုင်ဝင်းထွန်းတို့ ပါဝင်သော ရောဂါရှာဖွေရေးလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာ စန်းစန္ဒာခင်၊ တွဲဖက်ပါမောက္ခ ဒေါက်တာခိုင်ဝင်းထွန်း၊ အထူးကုဆရာဝန်ကြီး(သွေးဗေဒ) ဒေါက်တာမိမိခိုင်တို့ ဦးဆောင်သော သွေးနှင့်သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာ ခိုင်ရွှေဝါ ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းလှိုင် ဦးဆောင်သော ဆေးရုံစီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဆရာဝန်များ၊ ဒုတိယညွှန်ကြားရေးမှူး (သူနာပြုအုပ်ကြီး) ဒေါ်စောရွှေနှင့် သူနာပြုများ၊ သူနာပြုကြီး ဒေါ်ခင်ထားဝင်း၊ သူနာပြုကြီး ဒေါ်သက်ဆု၊ သူနာပြုကြီး ဒေါ်ဥမ္မာလွင်တို့ ဦးဆောင်သော ခွဲစိတ်ခန်းသူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက်အကူပြု ဝန်ထမ်းများအားလုံးပူးပေါင်း ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်ဟိုတယ်ဇုန်ရှိဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် မြန်မာ့ရိုးရာသိုင်းသင်တန်းဆင်းပွဲ ကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၂

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(နေပြည်တော်ဇုန်)၏ စီစဉ်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဟိုတယ်များတွင် တာဝန်ထမ်းဆောင်နေကြသော လုံခြုံရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်သည့် ရိုးရာကိုယ်ခံပညာနှင့် မြန်မာ့သိုင်းသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်(၁)ရှိ တုံဂပူရီဟိုတယ်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသများသို့ ပိုမိုတိုးတက်ဝင်ရောက်လာစေရေးအတွက် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုအဆင့်အတန်း၊ ဧည့်ဝတ်ဖော်ရွေပျူငှာမှုများရှိရန် လိုအပ်သကဲ့သို့ လာရောက်တည်းခိုနေထိုင်ကြမည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ဘေးကင်းလုံခြုံမှုအတွက် စွမ်းဆောင်ရည်မြင့်မားသော လုံခြုံရေးအစီအမံများချမှတ်ဆောင်ရွက်ခြင်းသည်လည်း အရေးပါသည့်ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း။

ရိုးရာသိုင်းပညာသင်ကြားခြင်းဖြင့် မိမိတို့၏ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို လက်တွေ့အသုံးချထိန်းသိမ်းထားနိုင်ခြင်း၊ စည်းကမ်းကျင့်ဝတ်များနှင့်အညီ ခရီးသွားဧည့်သည်များအပေါ် ကာကွယ်စောင့်ရှောက်မှုပေးနိုင်ခြင်း စသည့်ဝန်ဆောင်မှုစွမ်းဆောင်ရည်ကောင်းများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းများအနေဖြင့် မိမိတို့သင်ယူတတ်မြောက်ခဲ့သည့် ရိုးရာသိုင်းပညာရပ်ကိုအခြေခံပြီး လုံခြုံရေးဆိုင်ရာဝန်ဆောင်မှုကောင်းများ ပေးနိုင်ရေးအတွက်သာမက လာရောက်တည်းခိုနေထိုင်ကြမည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ၏ ယုံကြည်မှုရရှိရေးကိုပါ ဆက်လက်ကြိုးစားသွားကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က သီတင်းကျွတ်ပွဲတော်ကာလအတွင်း ဟိုတယ်များမှ ရောင်စုံမီးအလှဆင်ခြင်းတွင် ဆုရရှိကြသည့် ဟိုတယ်များကို ဆုများပေးအပ်ပြီး သင်တန်းဆင်းလုံခြုံရေးဝန်ထမ်းများ၏ သိုင်းသရုပ်ပြသမှုကို ကြည့်ရှုအားပေးကြသည်။

သင်တန်းဆင်းပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ နေပြည်တော် ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိုတယ်များမှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် နိုင်ငံခြားသားများကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းကာ သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်မှုသတင်းထုတ်ပြန်ခြင်း

နေပြည်တော် အောက်တိုဘာ ၂၂

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် မဲ့ထော်သလေး(KK Park) နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် နိုင်ငံခြားသားများအား စစ်ဆေးဖော်ထုတ်ထိန်းသိမ်းကာ မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပေးခြင်းများအား ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ယနေ့အချိန်ထိ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ထိုင်းနိုင်ငံမှတစ်ဆင့် နယ်စပ်ကို ဖြတ်ကျော်၍ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသား အမျိုးသား ၈၇၁၀ နှင့် အမျိုးသမီး ၇၉၆ ဦး စုစုပေါင်း ၉၅၀၆ ဦး၊ မြန်မာနိုင်ငံအတွင်းသို့ ရန်ကုန်လေဆိပ်မှတရားဝင် ဝင်ရောက်လာပြီး မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် မဲ့ထော်သလေး (KK Park) နယ်မြေများသို့ ရောက်ရှိသွားသည့် နိုင်ငံခြားသားအမျိုးသား ၄၄ ဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း ၄၅ ဦးတို့ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်း နိုင်ခဲ့သဖြင့် စုစုပေါင်းနိုင်ငံပေါင်း ၄၀ မှ နိုင်ငံခြားသား အမျိုးသား ၈၇၅၄ ဦးနှင့် အမျိုးသမီး ၇၉၇ ဦး စုစုပေါင်း ၉၅၅၁ ဦးဖြစ်ကြောင်း၊ အဆိုပါနိုင်ငံခြားသားများအား ၎င်းတို့ဝင်ရောက်လာသည့် လမ်းကြောင်းအတိုင်း သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် လိုအပ်သည့် ကိုယ်ရေးအချက်အလက်များ၊ မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများအား အမြန်ဆုံး ဆောင်ရွက်၍ မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြည်နှင့်လွှဲပြောင်းပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ နိုင်ငံခြားသား အမျိုးသား ၈၅၆၀၊ အမျိုးသမီး ၇၇၉ ဦး စုစုပေါင်း ၉၃၃၉ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများဖြင့် စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။

ကျန်ရှိနေသည့် ပြည်ပနိုင်ငံသား အမျိုးသား ၁၉၄ ဦးနှင့် အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၂၁၂ ဦးတို့ကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ ဆက်လက်လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့်နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဒိုက်ဦးအကျဉ်းထောင်တွင် အကျဉ်းသားများကို မတရားဒေါက်ခတ်တိုက်ပိတ်ထားသည်ဟူသော ခေါင်းစဉ်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် အောက်တိုဘာ ၂၂

ဒိုက်ဦးအကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသား ၁၆ ဦးကို ထောင်အတွင်း လူစုလူဝေး ပြုလုပ်သည်ဟုဆိုကာ မတရားဒေါက်ခတ်တိုက်ပိတ်ထားသည် ဟူသော ခေါင်းစဉ်ဖြင့် Khit Thit Media အမည်ခံ Facebook Page တွင် အောက်တိုဘာ ၁၁ ရက်က မဟုတ်မမှန်လုပ်ကြံ သတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အား စိစစ်ရာတွင် အောက်တိုဘာ ၂ ရက်က ရေကန်တာဝန်ပေးအပ်ထားသော အကျဉ်းသား ကျော်ရဲလွင်သည် အကြမ်းဖက်-၅၀(ဈ)၊ ရာ-၃၀၂(၂)/၁၁၄ တို့ဖြင့် ပြစ်ဒဏ်ကျခံနေသော အကျဉ်းသား ဝင်းသူရအား စားကြွင်းစားကျန်ငါးရိုးနှင့် ထမင်းများကို ရေကန်ရေမြောင်းအတွင်းသို့ မစွန့်ပစ်ရန်၊ စည်းကမ်းအတိုင်း စားကြွင်းစားကျန်စွန့်သည့် အမှိုက်ပုံးအတွင်းပစ်ရန် တာဝန်အရ ပြောဆိုခဲ့ရာ အကျဉ်းသား ဝင်းသူရက ရေကန်တာဝန်ကျအကျဉ်းသား ကျော်ရဲလွင်အား ထိုးကြိတ်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း။

ထိုသို့ဖြစ်ပွားခဲ့သည့်အတွက် အိပ်ဆောင်မှူးအရာရှိက ခိုက်ရန်ဖြစ်ပွားသော အကျဉ်းသားနှစ်ဦးအား ရုံးခန်းတွင် ခေါ်ယူမေးမြန်းဖြေရှင်းပေးနေစဉ် အကျဉ်းသား ဥဏ်လင်းနိုင်နှင့် အကျဉ်းသားအချို့တို့သည် စုဝေးအုပ်စုဖွဲ့၍ အိပ်ဆောင်မှူးအရာရှိအား ကျေနပ်မှုမရှိကြောင်း ပြောကြားပြီး အိပ်ဆောင်အတွင်း ဆူပူအုံကြွမှုဖြစ်စေရန် လှုံ့ဆော်ခြင်းများ ဆောင်ရွက်လာကြောင်း၊ စည်းကမ်းထိန်းသိမ်းရေးရုံးတာဝန်ခံဦးစီးအရာရှိက ခိုက်ရန်ဖြစ်ပွားသည့် အကျဉ်းသားနှစ်ဦးကိစ္စကို ဖြေရှင်းပေးမည်ဟု ရှင်းလင်းပြောကြားခဲ့ပြီး မသက်ဆိုင်သည့် အကျဉ်းသားများအနေဖြင့် အိပ်ဆောင်သို့ ပြန်ရန် ပြောကြားခဲ့သော်လည်း နာခံမှုမရှိဘဲ စည်းကမ်းထိန်းသိမ်းရေးရုံးတွင် ဆူပူအော်ဟစ်ပြောဆိုကာ အကျဉ်းထောင်၏ လုံခြုံရေးကို ထိခိုက်စေရန် ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဖြစ်စဉ်ကြောင့် တာဝန်ခံအရာရှိက အကျဉ်းထောင်လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် အကျဉ်းထောင်လက်စွဲဥပဒေအပိုဒ် ၄၃၈ အရ တိုက်တွင် သီးခြားခွဲ၍ ထားရှိခြင်းသာဖြစ်ပြီး ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးကာ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန်၊ အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်သတင်းရေးသားဖော်ပြခြင်းသာဖြစ်ကြောင်း သိရသည်။

**သစ္စာ**

## မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြော

မန္တလေး အောက်တိုဘာ ၂၂

၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို-မန္တလေး) (AEDA-MDY)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် မဟာကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပရာ မဟာအောင်မြေခရိုင်ပညာရေးမှူးရုံးမှ ဦးစီးမှူးဒေါ်ခင်နှင်းဆီ၊ အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ မဟာကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းမြတ်နှင့် ဆရာ၊ ဆရာမများ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဟောပြောပွဲ၌ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကား ပြောကြားပြီးနောက် အသင်းဥက္ကဋ္ဌက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ အမှုဆောင်နှင့် အတွင်းရေးမှူးတို့က မူးယစ်ဆေးဝါးအကြောင်း၊ မူးယစ်ဆေးဝါးအမျိုးအစားများနှင့် ဆိုးကျိုးအန္တရာယ်များကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးက လူငယ်ထုအတွင်း အန္တရာယ်ပေးနေသည့် စိတ်ကြွရူးသွပ်ဆေးနှင့် အီးစီးကရက် (Vape)အကြောင်းကိုလည်းကောင်း ဟောပြောခဲ့ပြီး မေးခွန်းများ မေးမြန်းရာ ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ် ၄)

# အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ငြိမ်းချမ်းရေးသဘောတူညီချက် အောင်မြင်စွာ ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗန့်စ်ပြောကြား

ဂျေရုဆလင် အောက်တိုဘာ ၂၂

အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ငြိမ်းချမ်းရေး သဘောတူညီချက်သည် အောင်မြင်စွာ ဆက်လက် တည်ရှိနေမည်ဖြစ်ကြောင်း အမေရိကန်ဒုတိယ သမ္မတ ဂျေဒီဗန့်စ်က အစ္စရေးနိုင်ငံသို့ ရောက်ရှိစဉ် ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် မျှော်လင့်ထား သည်ထက် ပိုမိုကောင်းမွန်သည့် အလားအလာများစွာ တွေ့မြင်ရကြောင်း ၎င်းက ပြောကြားသည်။

ဓားစာခံအချို့၏ ရုပ်အလောင်းများကို ဟားမတ်စ် အဖွဲ့က ပြန်လည်ပေးအပ်ရန် နှောင့်နှေးမှုနှင့် ပတ်သက် ၍ နားလည်ပေးနိုင်ကြောင်း ၎င်းက ထုတ်ဖော် ပြောကြားသည်။

အချို့မှာ အပျက်အစီးများအောက်တွင် ရှိနေကြ ပြီး အခြားရုပ်အလောင်းများ၏နေရာကို မသိရသေး ကြောင်း ၎င်းက ပြောသည်။

အကယ်၍ ဟားမတ်စ်က ငြိမ်းချမ်းရေး သဘောတူညီချက်တွင် ပူးပေါင်းဆောင်ရွက်ခြင်း မပြုပါက ၎င်းတို့အား ချေမှုန်းပစ်မည်ဟု ထရမ့်၏ ပြောကြားချက်ကို အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗန့်စ်က ထပ်မံသတိပေးပြောကြားခဲ့သည်။

ဟားမတ်စ်က သဘောတူညီချက်အပေါ် ၎င်း၏ ကတိကဝတ်ကို ထပ်မံအတည်ပြုခဲ့သည်။

ဓားစာခံနှစ်ဦး၏ ရုပ်အလောင်းများအား အပျက် အစီးများမှ ထုတ်ယူပြီး လွှဲပြောင်းလက်ခံရရှိခဲ့ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက ပြောကြားခဲ့သည်။ ၎င်းတို့ အား ကျန်းမာရေးဝန်ကြီးဌာနသို့ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်



# ဂျပန်ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခံရသူ တာကာအိချီဆာနဲ အစိုးရအဖွဲ့သစ်၌ အမျိုးသမီးနှစ်ဦးသာ ထည့်သွင်းခန့်အပ်

**တိုကျို အောက်တိုဘာ ၂၂**

ဂျပန်ဝန်ကြီးချုပ်သစ် တာကာအိချီဆာနဲသည် အစိုးရအဖွဲ့ အတွင်း နော်ဒစ်နိုင်ငံများကဲ့သို့ အမျိုးသမီး ကိုယ်စားပြုမှု အချိုး အစားရှိစေရမည်ဟု ယခင်က ကတိပြုခဲ့သော်လည်း အောက် တိုဘာ ၂၁ ရက်က ဖွဲ့စည်းခဲ့သည့် ၎င်း၏ ၁၉ ဦးပါဝင်သော အစိုးရ အဖွဲ့သစ်၌ အမျိုးသမီးနှစ်ဦးသာ ထည့်သွင်းခန့်အပ်ခဲ့ကြောင်း စီ အင်န်အိုင်သတင်းဌာနက ဖော် ပြသည်။

အဆိုပါ အမျိုးသမီးနှစ်ဦးမှာ ဂျပန်နိုင်ငံ၏ ပထမဆုံး အမျိုး သမီးဘဏ္ဍာရေးဝန်ကြီး စတ်ဆုကိ ကာတာယာမာနှင့် စီးပွား ရေးလုံခြုံရေးဝန်ကြီးအဖြစ် ခန့် အပ်ခံရသူ ကိမိအိုနိုဒါတို့ ဖြစ် ကြောင်း အစိုးရအဖွဲ့၏ အတွင်း ဝန်သစ် မီနိုရုကီဟာရာက အတည် ပြုသည်။

သံမဏိအမျိုးသမီးဟု ထင် ရှားခဲ့သည့် ဗြိတိန်ဝန်ကြီးချုပ် ဟောင်း မာဂရက်သက်ချာကို အား ကျသူ တာကာအိချီဆာနဲသည် ယမန်နေ့က ဂျပန်နိုင်ငံ၏ ပထမ ဆုံးအမျိုးသမီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံခဲ့ရသည်။

ဂျပန်ဝန်ကြီးချုပ်သစ်အနေ ဖြင့် ၎င်း၏ အစိုးရအဖွဲ့၌ အမျိုး သမီး ကိုယ်စားပြုမှု နည်းပါးစွာ ဖြင့်သာ ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**







# ပေါ့ပ်မတ်ကုမ္ပဏီထုတ် လာဘူဘူအရုပ်များ အရောင်းပမာဏ သိသိသာသာ မြင့်တက်လာ

**ပေကျင်း အောက်တိုဘာ ၂၂**

လာဘူဘူအရုပ်များထုတ် လုပ်သည့် ပေါ့ပ်မတ်ကုမ္ပဏီသည် ၎င်းတို့၏ မူကြိုဆန်ဆန် အရုပ် ငယ်များကို ဩဂုတ်လတွင် စတင် ရောင်းချပြီးနောက် အရောင်း ပမာဏ သိသိသာသာမြင့်တက် လာကြောင်း စီအင်န်အိုင်သတင်း ဌာနက ဖော်ပြသည်။

တရုတ်အခြေစိုက် ပေါ့ပ်မတ် ကုမ္ပဏီသည် စက်တင်ဘာလ ကုန်အထိ သုံးလတာကာလ အတွက် ၎င်း၏ ကမ္ဘာလုံးဆိုင်ရာ ဝင်ငွေသည် ယခင်နှစ် အလား တူကာလနှင့် နှိုင်းယှဉ်ပါက ၂၅၀ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့သည်။

အမေရိကန်ဈေးကွက်တွင် ဝင်ငွေ ၁၂၀၀ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့ပြီး ဥရောပတွင် ၇၀၀ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့ ခြင်းကြောင့် တရုတ်နိုင်ငံပြင်ပရှိ အရောင်းပမာဏသည် ယင်းတိုး တက်မှုကို အထောက်အကူပြုခဲ့ သည်။

အဆိုပါ ရလဒ်များသည် ပေါ့ပ်မတ်ကုမ္ပဏီအတွက် မကြာ သေးမီက ဆက်တိုက်ဆိုသလို ရောင်းအားကောင်းခဲ့သည့် အခြေ အနေများပေါ်တွင် ထပ်မံ၍ တိုး တက်လာခြင်းဖြစ်သည်။

၎င်း၏ ရှယ်ယာများသည် ယခင်အပတ်က ဟောင်ကောင် တွင် ၅ ဒသမ ၅ ရာခိုင်နှုန်းကျော် တက်ခဲ့သောကြောင့် စတော့ဈေး ကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၅ ဘီလီယံ (ပေါင် ၃၄ ဘီလီယံ) ခန့်ရှိခဲ့ရာ ပေါ့ပ် မတ်ကုမ္ပဏီသည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလကုန်တွင် ကမ္ဘာ လုံးဆိုင်ရာ ဝင်ငွေ ၂၅၀ ရာခိုင် နှုန်း မြင့်တက်ခဲ့ကြောင်း သိရ သည်။ **Mon**

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

# အမျိုးသားတင်းနစ်စင်တာထဲမှ ပေကျင်းစာအုပ်ပွဲတော် တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ ယမန်နေ့က ကျင်းပပြီးစီး

**ပေကျင်း အောက်တိုဘာ ၂၂**

၂၀၂၅ ခုနှစ် ပေကျင်းစာအုပ် ပွဲတော်ကို တရုတ်နိုင်ငံ ပေကျင်း မြို့တော်၌ ယမန်နေ့က ကျင်းပ ပြီးစီးခဲ့ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

ထိုစာအုပ်ပွဲတော်အတွက် အမျိုးသားတင်းနစ်စင်တာကို အားကစားပြိုင်ပွဲကျင်းပရာနေရာမှ စိတ်ပိုင်းဆိုင်ရာ ပျော်ပွဲရွှင်ပွဲနေရာ အဖြစ်သို့ ပြောင်းလဲခဲ့သည်။

(၁၁)ကြိမ်မြောက်ကျင်းပ သည့် ယင်းပွဲတော်သည် စာပေ ထုတ်ဝေသူများနှင့် ဖန်တီးမှုဆိုင် ရာ အမှတ်တံဆိပ် ၃၀၀ ကျော် အပြင် စာရေးဆရာများ၊ အယ် ဒီတာများနှင့် ရုပ်ရှင်ထုတ်လုပ်သူ များကိုပါ စုစည်းပေးခဲ့သည်။

ပေကျင်းမြို့၏ စာဖတ်လို စိတ်ပြင်းပြမှုသည် ဤနှစ်ပတ် လည်ပွဲတော်ထက် ကျယ်ပြန့်စွာ ပျံ့နှံ့နေပြီး မြို့တစ်ဝန်းတွင် ထင်ရှားသည့် အစီအစဉ်များကို အကောင်အထည်ဖော်လျက်ရှိ သည်။

ဥပမာအားဖြင့် ၁၉၉၇ ခုနှစ်မှစ၍ "ကမ္ဘာမြေဘုရား ကျောင်းနှင့်ငါ" ပေကျင်းစာအုပ် ပွဲတော်ကို တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပခဲ့ပြီး ယခုစက်တင်ဘာလ တစ်လတည်းတွင်ပင် လာရောက် သူ ၅၅၀၀၀၀ ဦးကို ဆွဲဆောင်နိုင် ခဲ့သည်။

မြို့တော်၏ "၁၅ မိနစ် အတွင်း စာဖတ်နိုင်သောနေရာ" အစီအစဉ်သည် အများပြည်သူ ဆိုင်ရာ စာကြည့်တိုက်နှင့် စာ ဖတ်ခန်း ၆၀၂၆ ခုအပြင်၊ တစ် ရက်လျှင် ၂၄ နာရီ ဖွင့်လှစ်ထား သည့် ကိုယ်တိုင်ဝန်ဆောင်မှုပေး သော စာကြည့်တိုက် ၂၂၈ ခုကို ပေးအပ်ထားပြီး ပေကျင်းတစ်ဝန်း ရှိ ရပ်ကွက်နှင့် ကျေးရွာများအထိ ရောက်ရှိခဲ့သည်။

သို့ရာတွင် ဤကဲ့သို့သော ကြီးမားသည့် ကြိုးပမ်းအားထုတ် မှုများအပြင် သီးခြားရပ်တည်သော စာအုပ်ဆိုင်များသည် မြို့တော်၏ စာပေယဉ်ကျေးမှုအတွက် အရေး ပါသောအစိတ်အပိုင်းများ ဖြစ် လာခဲ့ပြီး ပေကျင်း၏ ကြွယ်ဝ သော စာဖတ်ယဉ်ကျေးမှုကို သမိုင်းဝင် ဟူတုံးလမ်းသွယ်များ အထိ ပေါင်းစပ်ထည့်သွင်းပေး လျက်ရှိသည်။

ဤသို့ဖြင့် ပေကျင်းမြို့တော် သည် ၎င်း၏ နှစ်ပတ်လည်စာအုပ် ပွဲတော်များနှင့် အများပြည်သူ ဆိုင်ရာ စာဖတ်ခြင်း အစီအစဉ် များအပြင် ရပ်ကွက်များအတွင်း သီးခြားစာအုပ်ဆိုင်များမှတစ် ဆင့် စာဖတ်ခြင်းယဉ်ကျေးမှုကို မြှင့်တင်လျက်ရှိကြောင်း သိရ သည်။

**Mon**

0-0-0-0-0



# ကမ္ဘာ့ထိပ်တန်း စတော့ အညွှန်းကိန်းများ ငြိမ်သက်နေသော်လည်း ရွှေဈေးနှုန်းမှာမူ ၅ ရာခိုင်နှုန်းကျော် လွန်ကဲစွာ ကျဆင်းခဲ့

**တိုကျို အောက်တိုဘာ ၂၂**

ကမ္ဘာ့ထိပ်တန်း စတော့ အညွှန်းကိန်းများသည် အောက် တိုဘာ ၂၁ ရက်က အတက်အကျ မရှိသလောက် ငြိမ်သက်နေသော် လည်း ရွှေဈေးနှုန်းမှာမူ ၅ ရာ ခိုင်နှုန်းကျော် ကျဆင်းခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော် ပြသည်။



အမေရိကန်ထိပ်တန်းကုမ္ပဏီ များ၏ အကျိုးအမြတ်ကောင်းမွန် သော ရလဒ်များနှင့် ခန့်မှန်းချက် များသည် အတိုင်းအတာတစ်ခု အထိ အထောက်အပံ့ပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံသူအချို့ အမြတ်ရရှိ ခဲ့ကြသည်။

ဂျပန်ဝန်ကြီးချုပ်အဖြစ် ရွေး ရိုးစွဲဝါဒီ တာကာအိချီဆာနဲ ရွေး ချယ်ခံရပြီးနောက် ယန်းငွေတန် ဖိုးသည် တစ်ပတ်အတွင်း အနိမ့် ဆုံးသို့ ကျဆင်းခဲ့သည်။

ဂျပန်နိုင်ငံ၏ နစ်ကီစတော့ ရှယ်ယာအညွှန်းကိန်းသည် အင်္ဂါ နေ့တွင် စံချိန်တင် မြင့်တက်မှု ဖြင့် ပိတ်ခဲ့သည်။

လက်ရှိရွှေဈေးနှုန်းသည် တစ်အောင်စလျှင် ဒေါ်လာ ၄၁၂၃ ဒသမ ၈၅ အထိ ၅ ဒသမ ၃၁ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လနောက်ပိုင်း အဆိုးရွားဆုံး တစ်နေ့တာ ရာ ခိုင်နှုန်းကျဆင်းမှုကို ကြုံတွေ့ခဲ့ ရကြောင်း သိရသည်။ **Mon**



## သရက်မြို့မဈေး မီးဘေးလုံခြုံရေးစစ်ဆေး

**မကွေး အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့်တပ်ဖွဲ့ဝင်များက မြို့မဈေးအတွင်းထားရှိသော မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများဖြစ်သည့် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေရရှိရေးအခြေအနေများ၊ စက်အခြေအနေများသွားရောက်စစ်ဆေးဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသိန်းဌွေးနှင့်ဈေးတာဝန်ခံတို့က လိုက်လံရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇော်ထက်(သရက်)**

## မဟာအောင်မြေမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စစ်ဆေးခြင်းများဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၉၀)ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ မော်တော်ယာဉ်မောင်းနှင်သူနှင့် ဆိုင်ကယ်စီးနင်းသူများအား စစ်ဆေးခြင်းကို အောက် တိုဘာ ၂၀ ရက် နံနက် ၉ နာရီ က ၃၅လမ်းနှင့်၈၁လမ်းထောင့် မီးပွိုင့်လမ်းဆုံတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စစ်ဆေးရာတွင် မော်တော်ဆိုင်ကယ်များ ယာဉ်အမှတ်ပါရှိခြင်း ရှိ၊ မရှိ၊ မော်တော်ယာဉ်လိုင်စင်နှင့် ဆိုင်ကယ်လိုင်စင်များပါရှိခြင်း ရှိ၊ မရှိ၊ ဆိုင်ကယ်စီးနင်းမောင်းနှင်သူများ ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်း ရှိ၊မရှိ၊ ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်းအသုံးပြုခြင်း ရှိ၊မရှိ၊ အသက်ကယ်ထိုင်ခုံခါးပတ်တပ်ဆင်ခြင်းနှင့် သတ်မှတ်နှုန်းထက်ပိုမောင်းနှင်ခြင်း ရှိ၊ မရှိစသည့်တို့အား စစ်ဆေးဆောင်ရွက်ခဲ့ကြပြီး သတ်မှတ်ချက်နှင့် စည်းကမ်းမလိုက်နာသည့် မော်တော်ယာဉ်အသုံးပြုသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**(၀၅၇)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့ယာဉ် သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၆ ရက်တွင် မော်လမြိုင်မြို့နယ် ဘားအံ-မော်လမြိုင်ကားလမ်းအနီး ကျွဲခြံကုန်းရပ်ကွက် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။ (အပေါ်ပုံ)



ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၇ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့ယာဉ်တစ်စီးကိုလည်းကောင်း၊ အောက်တိုဘာ ၁၈ရက်တွင် ကော့သောင်းမြို့နယ် တော်ဝင်ဆိပ်ကမ်းတံတား၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးရမိ

**မကွေး အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်နှင့် မွန်ပြည်နယ်၊ မုဒုံမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီးဖမ်းဆီးရမိခဲ့သည်။



ဖြစ်စဉ်မှာ အောက်တိုဘာ ၁၈ ရက် နံနက် ၇ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ တကောင်းရပ်ကွက်ရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ကိုင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးမြို့မှ ရွှေဘိုမြို့သို့ မြင်းမူမြို့နယ်၊ ဝွေးပင်တောကျေးရွာနေ ဝင်းထက်ကျော် (၂၆)နှစ်ဆိုသူ မောင်းနှင်လာသည့် HONDA FIT မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော် ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဝင်းထက်ကျော်အား စစ်ကိုင်းမြို့မရဲစခန်းက ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း၊ အလားတူ မွန်းလွဲ ၁ နာရီ ၃၀ မိနစ်တွင် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ဆက်သွယ်ကျေးရွာအနီး မော်လမြိုင်- သံဖြူဇရပ်လမ်းပေါ်၌ ကမာဝက်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် သံဖြူဇရပ်မြို့နယ်၊ ကရုပ္ပိကျေးရွာနေ ခိုင်မွန် (၂၆)နှစ် ဆိုသူမောင်းနှင်လာသည့် ISUZU HILUX မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် ခိုင်မွန်ဆိုသူအား ကမာဝက်နယ်မြေရဲစခန်းက ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## တံခါးနှင့်သံပန်းများဖြုတ်ခိုးသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**ပိုင်းမော် အောက်တိုဘာ ၂၂**

ကချင်ပြည်နယ်၊ ပိုင်းမော်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံးရှိ တံခါးနှင့်သံပန်းများ ဖြုတ်ခိုးသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၈ ရက် နံနက် ၈ နာရီတွင် ပိုင်းမော်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်ရှိ မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံးရှိ တံခါးနှင့်သံပန်းများ ဖြုတ်ခိုးယူနေကြောင်း သတင်းအရ ပိုင်းမော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပိုင်းမော်မြို့နယ်၊ ဝေဘာကျေးရွာနေ ဆွန်လွတ်နော်(ခ)မာနော်(၂၃)နှစ်သည် ရုံးခန်းအတွင်းရှိ ဆလိုက်အလူမီနီယံဘောင်နှင့် မှန်တံခါးချပ် ၄၆ ချပ်၊ ဆလိုက်အလူမီနီယံတံခါးပြေးလမ်း ၂၃ စုံ၊ လေ့ကားစတိုခန်းတွင် ကာရံထားသော သံချောင်း ၂၅ ချောင်း၊ အိမ်ထောင်သည်လိုင်းခန်းရှိ တံခါးဂျက် ၃၂ ချောင်းနှင့် တံခါးလက်ကိုင်ကွင်း ၃၄ ခုတို့အား ဖြုတ်ယူခိုးသွားသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဆွန်လွတ်နော်(ခ)မာနော်ဆိုသူအား ပိုင်းမော်မြို့မရဲစခန်းက ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



### ယာဉ်မောင်းသူများလိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကား မမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။



## မန္တလေးတိုင်းဒေသကြီးအတွင်း စားအုန်းဆီဖြန့်ဖြူးမှုအခြေအနေနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မန္တလေး အောက်တိုဘာ ၂၂

မန္တလေးတိုင်းဒေသကြီးအတွင်း စားအုန်းဆီဖြန့်ဖြူးမှုအခြေအနေနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးခန်းမတွင် ပြုလုပ်သည်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ စားသုံးဆီဖြန့်ဖြူးရေးအဖွဲ့နှင့် စားသုံးဆီဖြန့်ဖြူးတဲ့ လက်ကားကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ (အပေါ်ပုံ)

ရှေးဦးစွာ စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးဇေယျာဆွေက မန္တလေးတိုင်းဒေသကြီးအတွင်း စားအုန်းဆီဖြန့်ဖြူးမှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

"ဒီနေ့ကတော့ စားသုံးသူနဲ့ပတ်သက်ပြီးတော့ စီးပွားကူးသန်းဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလဲ စားသုံးဆီဖြန့်ဖြူးရေးလုပ်ငန်းအဖွဲ့တွေ၊ စားသုံးဆီဖြန့်ဖြူးတဲ့လက်ကားကိုယ်စားလှယ်တွေနဲ့တွေ့ဆုံပြီးတော့ စားသုံးဆီနဲ့ပတ်သက်တဲ့လုပ်ငန်းတွေမှာ ပြည်သူတွေကို ဈေးနှုန်းမှန်မှန်နဲ့ ကျယ်ကျယ်ပြန့်ပြန့် ရပ်ကွက်၊ ကျေးရွာတွေအထိ ရောက်ရှိနိုင်ဖို့အတွက် ဆောင်ရွက်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာဆိုရင် လစဉ်စားသုံးဆီ တန်ချိန် ၆၅၅၀ တန်ရရှိပါတယ်။ ကုမ္ပဏီ ၂၃ ခုကနေ လက်ကားကိုယ်စားလှယ် ၅၂ ဦး၊ လက်လီဆိုင် ၇၆၀ ဆိုင်နဲ့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာတွေကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ စားသုံးဆီကို ဖြန့်ဖြူးတဲ့အခါမှာ ပြည်သူတွေဆီကို ဈေးနှုန်းမှန်၊ အချိန်မှန်၊ နေရာမှန်ရောက်ရှိနိုင်ရေးအတွက်လည်း (EOS) software သုံးပြီးတော့ အောက်တိုဘာ ၂၂ ရက်မှစပြီး စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။ အဲ့ဒီ software ကနေပြီးတော့ သတ်မှတ်တဲ့ အရေအတွက်တွေ၊ အလေးချိန်တွေ၊ ဈေးနှုန်းမှန်ကန်မှု ရှိ၊ မရှိတွေကို အချိန်တိုအတွင်းမှာ ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ စနစ်တကျနဲ့ စစ်ဆေးတဲ့ အဖွဲ့တွေက စစ်ဆေးသွားနိုင်မှာဖြစ်ပါတယ်၊ ရည်ညွှန်းဈေးနှုန်းက တစ်ပတ်ကိုတစ်ကြိမ် နေပြည်တော်ကနေ သတင်းစာထဲမှာ အပတ်စဉ် ကြေညာပါတယ်။ ရည်ညွှန်းဈေးနှုန်းကတော့ သယ်ယူစရိတ်အပေါ်မူတည်ပြီး အမြတ် နှစ်ရာခိုင်နှုန်းနဲ့ တွက်ချက်တယ်၊ မန္တလေးတိုင်းကို ရောက်ရှိတဲ့ သယ်ယူစရိတ်တွက်ချက်ပြီးတော့မှ ရည်ညွှန်းဈေးကို အပတ်စဉ် ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါတယ်။ စားသုံးဆီတွေကို စားသုံးသူလက်ဝယ်သို့ ဖြန့်ဖြူးရောင်းချပေးနိုင်တဲ့အတွက် စားသုံးသူပြည်သူများအနေနဲ့လဲ စားသုံးဆီတွေကို ဈေးနှုန်းသက်သက်သာသာနဲ့ အလွယ်တကူဝယ်ယူရရှိနိုင်မယ့် အကျိုးကျေးဇူးကို ရရှိနိုင်မှာဖြစ်ပါတယ်။ စားသုံးသူဖြန့်ဖြူးတဲ့အချိန်မှာ ပြည်သူတွေကို ဖြန့်တဲ့ဆီတွေအပြင် စက်မှုလုပ်ငန်းသုံးဆီဖြန့်ဖြူးခြင်းကို ဆောင်ရွက်ပါတယ်။ စက်မှုလုပ်ငန်းသုံးကို ကြည့်ရင် မန္တလေးတိုင်းဒေသကြီးဆိုရင် စက်မှုလုပ်ငန်းတွေအတွက် လစဉ် ပီပါပေါင်း ၁၅၀၀၀-၂၀၀၀၀ အထိ ဖြန့်ဖြူးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့လို ဖြန့်ဖြူးတဲ့အတွက် စက်မှုလုပ်ငန်းသုံးတွေကိုလည်း လိုအပ်သလောက် ပြည့်ပြည့်ဝဝပေးနိုင်တဲ့အတွက် ပြည်သူတွေကို ဖြန့်တဲ့ဆီထဲက နေပြီးတော့မှ စက်မှုလုပ်ငန်းတွေက ဝင်ပြီးတော့မှ ဝယ်ယူမှုတွေ မရှိတော့တဲ့အတွက် ပြည်သူတွေပြည့်ပြည့်ဝဝ ရရှိမှာဖြစ်ပါတယ်။ စက်မှုလုပ်ငန်းတွေကိုလဲ စားသုံးဆီပြည့်ပြည့်ဝဝပေးနေတဲ့အတွက် စက်မှုလုပ်ငန်းတွေလည်း ဖွံ့ဖြိုးတိုးတက်လာပြီးတော့ နိုင်ငံစီးပွားရေး တိုးတက်လာမှာဖြစ်ပါတယ်"ဟု စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဒေါက်တာဇော်လင်းက ပြောသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများ အပြန်အလှန် ဆွေးနွေးပြီးနောက် ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

## မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ နည်းပညာအထောက်အကူပြု ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ



မန္တလေး အောက်တိုဘာ ၂၂

မန္တလေးတိုင်းဒေသကြီး မြန်မာအီလက်ထရောနစ်မဲပေးစက် MEVM ဆိုင်ရာ နည်းပညာအထောက်အကူပြုဆင့် ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးဟောင်းအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး နည်းပညာအထောက်အကူပြု ကြီးကြပ်မှုအဖွဲ့ခေါင်းဆောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်ရွေးကောက်ပွဲ အရာရှိများ၊ သင်တန်းသား၊သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနား၌ သယံဇာတရေးရာဝန်ကြီးက သင်တန်းအဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ရက်နေ့မှစ၍ အပိုင်းလိုက်ကျင်းပသွားနိုင်ရေး ကြေညာခဲ့ပြီးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကို တစ်ရက်တည်းတစ်ကြိမ်တည်း ကျင်းပခဲ့ရာမှ အပိုင်းလိုက် ခွဲ၍လည်းကောင်း ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ သိရှိနားလည်နိုင်စေရန် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ရပ်ကွက်၊ ကျေးရွာအုပ်စုအထိ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲပေးစက်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ် သင်တန်းနှင့် ဆင့်ပွားသင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ပါကြောင်း၊ အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်အသုံးပြုခြင်း ကျင်းပခြင်းရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။ (အပေါ်ပုံ)

၄င်းနောက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးဆန်း နည်းပညာတက္ကသိုလ်(မန္တလေး)မှ တာဝန်ရှိသူတို့က ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြုရခြင်းနှင့် အသုံးပြုပုံတို့အား Powerpoint ဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအစီအစဉ်များကို ဆောင်ရွက်ခဲ့ကြကြောင်း၊ နည်းပညာအထောက်အကူပြု ဆင့်ပွားသင်တန်းများကို မန္တလေးမြို့တွင် သင်တန်းသား၊သင်တန်းသူ (၁၀၈)ဦးနှင့် မိတ္ထီလာမြို့တွင် (၈၂)ဦး၊ စုစုပေါင်း(၁၉၀)ဦးဖြင့် အောက်တိုဘာ ၂၃ရက်နေ့ထိ တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ် ၄)

## ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ



မန္တလေး အောက်တိုဘာ ၂၂

အနာဂတ်ကာလတွင် မျိုးဆက်သစ် ကျောင်းသားလူငယ်များ ဗလငါးတန် ပြည့်စုံစေရန် ရည်ရွယ်ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းအခမ်းအနားကို ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။ (အပေါ်ပုံ)

ရှေးဦးစွာ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်နှင့် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ (၇)ဦးတို့က လူငယ်စကားဝိုင်း ဆက်လက်ကျင်းပခဲ့သည်။ လူငယ်စကားဝိုင်း ကျင်းပဆောင်ရွက်ရာတွင် မောင်ဘုန်းသူရမင်းက (လူငယ်နှင့် စာဖတ်ခြင်း)၊ မခင်စုစုလှိုင်က (လူငယ်နှင့်မူးယစ်ဆေး)၊ မောင်ဟိဏ်းခန့်ဖိုးက (လူငယ်နှင့်ကျန်းမာရေး)၊ မယွန်းရတီလွင်က (အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အခန်းကဏ္ဍ)၊ မသက်သက်စုက (လူငယ်နှင့်အားလပ်ချိန်)၊ မောင်ခွန်သန်းဇော်က (လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး)နှင့် မရည်ရွှန်းထက်က (လူငယ်နှင့်နည်းပညာ) စတဲ့ ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ကျောင်းသူများအား ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် စွမ်းရည်မြှင့်တင်ပြိုင်ပွဲများ၊ လူငယ်ရေးရာ ဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ချမ်းမြေ့မောင်)

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ၊
သာယာလှပ
စိမ်းမြမြ။



# နိုင်ငံတကာ အားကစား သတင်းများ

## 2025 Cali Open တင်းနစ်ပြိုင်ပွဲ အောက်တိုဘာ ၂၇ရက်တွင် စတင်မည်



**လန်ဒန် အောက်တိုဘာ ၂၂**

ကိုလံဘီယာနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Cali Open တင်းနစ်ပြိုင်ပွဲလာမည့် အောက်တိုဘာ ၂၇ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2025 Cali Open တင်းနစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၇ရက်မှ နိုဝင်ဘာ ၂ရက်အထိ ၇ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2025 Cali Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ (ဝဲပုံ)

Cali Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ရိုမေးနီးယားတင်းနစ်မယ် Irina Camelia Begu ဖြစ်သည်။ **(NGB)**

## ဘာစီလိုနာအသင်းသမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဟက်ထရစ် သွင်းယူနိုင်သည့် စပိန်ကစားသမားအဖြစ် ဖာမင်လိုပက်ဇ် မှတ်တမ်းဝင်

**ဘာစီလိုနာ အောက်တိုဘာ ၂၂**

ဘာစီလိုနာအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဖာမင်လိုပက်ဇ်သည် အသင်းသမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဟက်ထရစ်သွင်းယူနိုင်သည့် စပိန်ကစားသမားအဖြစ် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းက အိုလံပီယာကို့စ်အသင်းအား ခြောက်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ဖာမင်လိုပက်ဇ်သည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၅ ပွဲကစားပြီး ၂၄ ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

ဖာမင်လိုပက်ဇ်က "အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းအောင်မြင်မှုများရရှိစေဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အောက်ပုံ)(NGB)**



## စီရော်နယ်လ်ဒို၏ ၁၂ ပွဲဆက် ဂိုးသွင်းစံချိန်ကို ဟာလန်းလိုက်မီ

**လန်ဒန် အောက်တိုဘာ ၂၂**

မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်းသည် နာမည်ကျော်ကစားသမားတစ်ဦးဖြစ်သည့် ပေါ်တူဂီလက်ရွေးစင်အသင်းတိုက်စစ်မှူး စီရော်နယ်လ်ဒို၏ ရီးရဲလ်မက်ဒရစ်အသင်းတွင် ကစားစဉ်က ၁၂ ပွဲဆက် ဂိုးသွင်းယူနိုင်သည့် စံချိန်အား လိုက်မီခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။



အဆိုပါ တိုက်စစ်မှူးသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းက ဗီလာရီးရဲလ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးတစ်ဂိုး သွင်းယူပေးခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး ဟာလန်းသည် ကလပ်အသင်းနဲ့ လက်ရွေးစင်အသင်းအတွက် ၁၂ ပွဲဆက်တိုက် ဂိုးသွင်းစံချိန်ရရှိခဲ့ပြီး စုစုပေါင်း ၂၂ ဂိုးအထိလည်း သွင်းယူနိုင်ခဲ့သည်။

ထို့ပြင် အသက်(၂၅)နှစ်အရွယ်ရှိဟာလန်းသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၇ ပွဲကစားပြီး ၁၃၉ ဂိုးထိ သွင်းယူထားသည်။

**(ဝဲပုံ)(NGB)**

**ဘောလုံး သတင်း အတို အထွာများ**

* အာဆင်နယ်အသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ချန်ပီယံလိဂ်နိုင်ပွဲ ၁၀၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

* ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား အလာဘာသည် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် အသင်းမှ ထွက်ခွာသွားတော့မည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(NGB)**

## နည်းပြ ကွန်ပနီ ဘိုင်ယန်မြူးနစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မြူးနစ် အောက်တိုဘာ ၂၂**

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းနည်းပြ ကွန်ပနီအား ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ဘွန်ဒက်လီဂါပွဲစဉ် ၇ ပွဲ ကစားအပြီးတွင် ရမှတ် ၂၁ မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်ပြီး ရလဒ်ကောင်းများ ကောင်းမွန်ခြင်းကြောင့် နည်းပြ ကွန်ပနီအား သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

နည်းပြ ကွန်ပနီသည် ဘိုင်ယန်မြူးနစ်အသင်းအား ၂၀၂၄ ခုနှစ် မေ ၂၉ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၆၇ ပွဲတွင် ၄၉ ပွဲနိုင်၊ ၉ ပွဲသရေ၊ ၉ ပွဲရှုံး ရလဒ် ပိုင်ဆိုင်ထားသည်။

အသက်(၃၉)နှစ်အရွယ်ရှိ နည်းပြ ကွန်ပနီက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုဆုဖလားများစွာ ရယူသွားမှာပါ"ဟု ပြောသည်။

**(အောက်ပုံ)(NGB)**



## နည်းပြ ရှောင်ဒိုက်အား နည်းပြသစ်အဖြစ် နော့တင်ဟမ်ဖောရက်စ်အသင်း ခန့်အပ်



**လန်ဒန် အောက်တိုဘာ ၂၂**

နော့တင်ဟမ်ဖောရက်စ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ရှောင်ဒိုက်အား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နော့တင်ဟမ်ဖောရက်စ်အသင်းနှင့်အတူ ၂၀၂၇ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ရှောင်ဒိုက်သည် နည်းပြဘဝတစ်လျှောက်တွင် ဝက်ဖို့ဒ်၊ ဘန်လေ၊ အဲဗာတန် စသည့် ကလပ်အသင်းများအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့်နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် နော့တင်ဟမ်ဖောရက်စ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

အသက်(၅၄)နှစ်အရွယ်ရှိ ရှောင်ဒိုက်က "ကျွန်တော်နော့တင်ဟမ်ဖောရက်စ်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ကျွန်တော်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ နော့တင်ဟမ်ဖောရက်စ်အသင်း အောင်မြင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အပေါ်ဝဲပုံ)(NGB)**

## အိုင်ဗန်တိုနေးအား ခေါ်ယူရန် ချဲလ်ဆီးအသင်း စီစဉ်

**လန်ဒန် အောက်တိုဘာ ၂၂**

ချဲလ်ဆီးအသင်းသည် အယ်လ်အာလီအသင်းတိုက်စစ်မှူး အိုင်ဗန်တိုနေးအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ **(ယာပုံ)**



အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အယ်လ်အာလီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၄ ပွဲကစားပြီး ၃၈ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး အိုင်ဗန်တိုနေးကိုယ်တိုင်ကလည်း ဥရောပသို့ ပြန်လည်လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် အိုင်ဗန်တိုနေးအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ **(NGB)**

## ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ(အမှတ်ပေး လိဂ်အဆင့်)(ပွဲစဉ်-၃)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲ အဆင့်) |
|---|---|---|
| ၂၃-၁၀-၂၀၂၅ ကြာသပတေးနေ့ | ည ၁၁း၁၅ နာရီ | (၄)ဘရာဂါ (ပေါ်တူဂီ-၇) - ဝင်္ကဘ်ဒ်ဖ် (အားဘီးယား-၁)(၂၆) |
| ။ | ။ | (၁၇)ဘာဇယ်း (ဆွစ်ဇာလန်-၃) - ရိန်းဂျားစ် (စကော့တလန်-၆)(၃၂) |
| ။ | ။ | (၂၄)FCSB (ရိုမေးနီးယား-၁၂) - ဘိုလော့ညာ (အီတလီ-၅)(၂၅) |
| ။ | ။ | (၃၅)ဗီယင်နာ (နယ်သာလန်-၁) - ပနာသီနာကို့စ် (ဂရိ-၇)(၁၂) |
| ။ | ။ | (၂၀)ဖီနာဘာချီ (တူရကီယဲ-၃) - စတုဝတ် (ဂျာမနီ-၃)(၂၃) |
| ။ | ။ | (၁၆)ဂိုးအဲဟဲဒ် (နယ်သာလန်-၁၂) - ဇီလာ (အင်္ဂလန်-၁၁)(၃) |
| ။ | ။ | (၁၈)လျွန်း (ဘယ်လ်ဂျီယံ-၈) - ဘာဇယ်လ် (စပိန်-၅)(၉) |
| ။ | ။ | (၅)လိုင်ယွန် (ပြင်သစ်-၅) - ဘေးဆယ်လ် (ဆွစ်ဇာလန်-၂)(၁၄) |
| ။ | ။ | (၃၄)ဆောလ်ဘတ် (ဩစတြီးယား-၂) - ဖီရန်ဘားရို့စ် (ဟန်ဂေရီ-၄)(၁၁) |
| ၂၄-၁၀-၂၀၂၅ သောကြာနေ့ | နံနက် ဝ၁း၃၀ နာရီ | (၁၅)ရိုးမား (အီတလီ-၄) - ပလာဇန် (ချက်-၄)(၈) |
| ။ | ။ | (၁၃)ဆဲလ်တာဗီဂို (စပိန်-၁၇) - နိစ် (ပြင်သစ်-၁၀)(၃၁) |
| ။ | ။ | (၂၉)ဆဲလ်တစ် (စကော့တလန်-၂) - စတန်းဂရပ်ဇ် (ဩစတြီးယား-၁)(၂၂) |
| ။ | ။ | (၁၀)ဖရိုင်ဘာ့ဂ် (ဂျာမနီ-၁၀) - အူထရပ် (နယ်သာလန်-၈)(၃၃) |
| ။ | ။ | (၆)လီးလ် (ပြင်သစ်-၆) - PAOK (ဂရိ-၁)(၂၀) |
| ။ | ။ | (၃၀)မက္ကာဘီတဲလ်အဗစ် (အစ္စရေး-၂) - မစ်ဂျီလန်း (ဒိန်းမတ်-၂)(၂) |
| ။ | ။ | (၃၆)မော်လ်မို (ဆွီဒင်-၄) - ဒိုင်နမိုဇာဂရက် (ခရိုအေးရှား-၁)(၁) |
| ။ | ။ | (၂၅)နော့တင်ဟမ် (အင်္ဂလန်-၁၈) - ပေါ်တို (ပေါ်တူဂီ-)(၇) |
| ။ | ။ | (၁၉)ယန်းဘွိုင်းစ် (ဆွစ်ဇာလန်-၂) - လူဒိုဂိုရက်ဇ် (ဘူလ်ဂေးရီးယား-၃)(၂၁) |

မှတ်ချက်။ ()အတွင်းမှ ရလဒ်များသည် ပြိုင်ပွဲဝင် (၃၆)သင်း၏ ယူရိုပါလိဂ် အမှတ်ပေး လိဂ်အဆင့်များ ဖြစ်သည်။

# မန္တလေး ကျောက်စိမ်းဈေးကွက်တွင် ကြိုက်ရောင်း၊ ကြိုက်ဝယ်အနေဖြင့်သာ အရောင်းအဝယ်ပြုလုပ်လျက်ရှိ

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေး၊ မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းတွင် ကျောက်စိမ်းအရောင်းအဝယ်မှာ ကြိုက်ရောင်း၊ ကြိုက်ဝယ်ပုံစံဖြင့် အရောင်းအဝယ်ပြုလုပ်နေရကြောင်း၊ အဆိုပါစခန်းအကျိုးတော်ဆောင်အဖွဲ့ထံက သိရသည်။

'ကျောက်အရောင်းအဝယ်က ဈေးနှုန်းသတ်မှတ်လို့မရဘဲ ကြိုက်ရောင်း ကြိုက်ဝယ်ပုံစံမျိုးနဲ့ အရောင်းအဝယ်လုပ်နေကြတာ ဖြစ်တယ်၊ အဲ့ဒါကြောင့် အရောင်းအဝယ်ပါးတယ်လို့လည်းပြောလို့မရဘူး၊ လတ်တလောမှာ ကျောက်အမျိုးအစားကောင်း ကိုင်တဲ့သူတွေ အရောင်းအဝယ် ပိုဖြစ်တယ်၊ ဈေးကွက်က အဓိကဝယ်ယူနေတဲ့ တရုတ်ဝယ်လက်တွေပေါ်မူတည်ပါတယ်'ဟု စခန်းအတွင်းရှိ ကျောက်မျက်ဝယ်ရောင်းပြုလုပ်သူတစ်ဦးက ပြောသည်။

ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းတွင် နေ့စဉ်လူဦးရေ ငါးသောင်းကျော်ခန့် ဝင်ထွက်ကာ အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း၊ လက်ကောက်ဝိုင်းနှင့် အပွင့်လိုင်း အနည်းငယ်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကျောက်မျက်ရောင်းဝယ်ရေးစခန်းအတွင်းတွင် လက်ကောက်ဝိုင်း၊ အပွင့်ဝိုင်း၊ ဖြတ်သားနှင့် လွှာချပ်ဝိုင်း၊ စပ်ပုံဝိုင်း၊ ကျောက်စိမ်းပန်းပုနှင့် ရတနာအချောထည်များ၊ ကျောက်သွေးကျောက်ဖြတ်ရုံများတည်ရှိကာ အထက်မြန်မာပြည်တွင် အကြီးဆုံးသော ကျောက်မျက်ရတနာ ရောင်းဝယ်စခန်းတစ်ခုဖြစ်ပြီး ရတနာကုန်သည်များ၊ နိုင်ငံခြားသားများ၊ လုပ်ငန်းရှင်များနှင့် ပွဲစားများနေ့စဉ် အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ-ဝ



မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင် ၊ ယင်းမလည်ချောင်းကူး သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေး၊ ဒေသခံတောင်သူများနှင့် တွေ့ဆုံ

**တောင်တွင်းကြီး အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်း၊ ခရိုင်အဆင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက တောင်တွင်းကြီးမြို့နယ်ရှိ ပွင့်လှလေး-ပွင့်လှကြီး လမ်းပေါ်ရှိ ယင်းမလည်ချောင်းကူး သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တံတားတည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေကျပ်သန်း ၂၉၅ ဒသမ ၅၀၀ ဖြင့် ပြေအောင်ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ပွင့်လှလေး- ပွင့်လှကြီးလမ်းမပေါ်တွင် အရှည် ပေ ၆၀ ရှိ ယင်းမလည်ချောင်းကူး သံကူကွန်ကရစ် တံတားတည်ဆောက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမိုးထိုက်က ရှင်းလင်းတင်ပြသည်။

အဆိုပါ တံတားတည်ဆောက်ပြီးစီးပါက ပွင့်လှလေးကျေးရွာရှိ အိမ်ထောင်စု ၁၁၃ အိမ်၊ လူဦးရေ ၄၈၇ ဦး၏ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်အဆင်ပြေမည်ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က ဒေသခံ တောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံ၏စီးပွားရေးနှင့် စိုက်ပျိုးရေး၊ တောင်သူများ၏ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ တောင်သူများ စီးပွားရေးအဆင်ပြေမှသာ ဒေသဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတောင်သူများ၏ လိုအပ်ချက်နှင့် စိုက်ပျိုးရေးနည်းပညာ လိုအပ်ချက်များကို သက်ဆိုင်ရာဌာန များအားလုံးက ဝိုင်းဝန်းပူးပေါင်းပြီး ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော ဒေသခံတောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာဌာနတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နောင်နောင်(ဗိဿနိုးမြေ)**



# ခရမ်းစိုက်ခင်းများ အောင်မြင်လျက်ရှိပြီး ခရမ်းသီးရောင်းချရာ၌ ဈေးကောင်းရရှိသောကြောင့် စိုက်ပျိုးတောင်သူများ အဆင်ပြေ

**ကျောက်ဆည် အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ မုံ့ပေါင်းကျေးရွာတွင် စိုက်ပျိုးထားသော ခရမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ခရမ်းသီးများ ဈေးကောင်းရရှိသောကြောင့် စိုက်ပျိုးတောင်သူများ အဆင်ပြေလျက်ရှိသည်။



ခရမ်းသီးနှံသည် မြေပေါင်များပြုလုပ်၍ ရေသွင်းစိုက်ပျိုးရပြီး အပင်များနီးကပ်မှုမရှိစေရန် တစ်ပင်နှင့်တစ်ပင် ငါးပေအကွာ ခြား၍စိုက်ရကြောင်း၊ အပင်ငယ်ချိန်တွင် မြေဆွပေးရ၍ တစ်လတစ်ခါရေသွင်းပေးပြီး ရေသွင်းသည့်အခါ အပင်အခြေများတွင် အာမိုမြေဩဇာနှင့် ပုလဲမြေဩဇာ ရောစပ်ကာ ဖြူးပေးရကြောင်း၊ အပင်အားတိုးဆေးနှင့် ပိုးသတ်ဆေးများ လိုအပ်သလို ဖျန်းပေးရကြောင်း သိရသည်။

ထို့အပြင် စိုက်ပျိုးပြီးရက်ပေါင်း ၆၀ကျော်လွန်ပါက စတင်ခူးဆွတ်ရပြီး ခရမ်းတစ်ဧကတွင် အသီးလှိုင်ချိန်၌ ပိဿာ ၁၀၀ ကျော်အထိ ခူးဆွတ်ရကြောင်း၊ လက်ရှိ ကာလပေါက်ဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၈၀၀ ရောင်းချရသဖြင့် ခရမ်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း ခရမ်းစိုက်တောင်သူများထံမှ သိရသည်။

ခရမ်းစိုက်ပျိုးရာတွင် အပင်သေပျောက်မှုမရှိစေရေး ခရမ်းမျိုးစေ့များအား ပျိုးထောင်ပြီး ပျိုးပင်သက်တမ်းရက်ပေါင်း ၃၀ ကျော်ပါက သန်မာသည့် မျိုးပင်များကို ရွေးချယ်နုတ်ယူပြီး ထယ်ရေးပြင်ထားသော မြေကွက်တွင် ပြောင်းရွှေ့စိုက်ပျိုးရကြောင်း သိရသည်။

**(ဝဲပုံ) (၄၈၅)**

# မကွေးဗဟိုအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူများအား ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

**မကွေး အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအရ မကွေးတိုင်းဒေသကြီး၊ မကွေးပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများသည် အကျဉ်းဦးစီးဌာန၊ မကွေးဗဟိုအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူများအား အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းဆေးကုသမှုဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဌာနမှူးမှ ဦးဆောင်၍ တိုင်းပြည်သူ့ဆေးရုံအုပ်ကြီး၊ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများက မကွေးဗဟိုအကျဉ်းထောင်တွင် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ခွဲစိတ်လူနာ ၄၉ဦး၊ အရိုးအကြောလူနာ ၁၄၆ ဦး၊ ဆီးနှင့်ကျောက်ကပ်လူနာ ၅၅ ဦး၊ အထွေထွေရောဂါလူနာ ၁၃၃ ဦး၊ သားဖွားမီးယပ်ရောဂါလူနာ ၄၉ ဦး၊ အရေပြားရောဂါလူနာ ၁၅၄ ဦး၊ မျက်စိရောဂါလူနာ ၁၆၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါလူနာ ၉၃ဦး၊ စိတ်ကျန်းမာရေးရောဂါလူနာ ၂၁ ဦး၊ သွားနှင့်ခံတွင်းရောဂါလူနာ ၈၂ ဦး၊ စုစုပေါင်းလူနာ ၉၄၆ ဦးတို့အား အခမဲ့ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။



ထို့အပြင် အထူးခွဲစိတ်ကုသရန်လိုအပ်သောလူနာများကို တိုင်းပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**မောင်ခိုင်မင်း(ပြန်/ဆက်)**



## မန္တလေးဒေသကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ ပထမအကြိမ် စုပေါင်းမဟာဘုံကထိန် ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၂**

ပထမအကြိမ် မန္တလေးဒေသကောလိပ် All Regional ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် (၁၉၇၆-၁၉၈၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စုပေါင်းမဟာဘုံကထိန်ကို အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဆင်လမ်းကျေးရွာအုပ်စု၊ လယ်ပြောင်းပြန်ကျေးရွာ၊ သုခါဝါသရွာဦးကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် သုခါဝါသရွာဦးကျောင်းဆရာတော်ထံမှ ဧည့်ပရိသတ်များက သီလခံယူဆောက်တည်ကြပြီး ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ သီတင်းသုံးနေထိုင်သော သံဃာတော်များအား သာသနာ့တာဝန်ကို ထမ်းဆောင် သာသနာပြုနိုင်ရန် မ,တည် အလှူငွေကျပ် ၁၂၇ သိန်းအား လှူဒါန်းခဲ့ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ထို့နောက် သုခါဝါသရွာဦးကျောင်းဆရာတော်နှင့် ပင့်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး မန္တလေးဒေသကောလိပ် All Regional ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ဒေသခံပြည်သူများအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (ဝ၄၅)**

## အသက် ၇၅ နှစ်အထက် သဘင်ပညာရှင် အဘိုး၊ အဘွားများအား ပူဇော်ကန်တော့

**တောင်ကြီး အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်သဘင်အစည်းအရုံးမှ ယမန်နေ့နံနက် ၁၀ နာရီက အသက် ၇၅ နှစ်အထက် သဘင်ပညာရှင် အဘိုး၊ အဘွားများအား အိမ်တိုင်ရာရောက် လိုက်လံကန်တော့ခဲ့ကြသည်။

ပူဇော်မှုတွင် ရှမ်းပြည်နယ်သဘင်အစည်းအရုံးမှ ဥက္ကဋ္ဌ ဦးခင်မောင်သန်း ဦးဆောင်၍ အတွင်းရေးမှူး ဦးမျိုးမင်းနှင့် အလုပ်အမှုဆောင်များက တောင်ကြီးမြို့နှင့် အေးသာယာမြို့ရှိ အသက် ၇၅ နှစ်အထက် အဘိုး၊ အဘွားများကို တစ်ဦးလျှင် ကန်တော့ငွေကျပ် တစ်သိန်းနှစ်သောင်းဖြင့် အိမ်တိုင်ရာရောက် လိုက်လံကန်တော့ခဲ့ပြီး အဘိုး၊ အဘွားများက ဆုတောင်းမေတ္တာများ ပြန်လည်ပို့သကြသည်။

အဆိုပါ အသက် ၇၅ နှစ်အထက် သဘင်ပညာရှင် အဘိုး၊ အဘွားများအား အိမ်တိုင်ရာရောက် လိုက်လံကန်တော့ရာတွင် တောင်ကြီး၊ အေးသာယာ၊ ရပ်စောက်၊ ပင်းတယ၊ လားရှိုးမြို့မှ အသက် ၇၅ နှစ်အထက် အဘိုး၊ အဘွား စုစုပေါင်း ၁၆ ဦးတို့အား အိမ်တိုင်ရာရောက် လိုက်လံကန်တော့ခဲ့ကြကြောင်း သိရသည်။



**(အပေါ်ပုံ)**

**(၃၆၈)**

## မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

**ဆီဆိုင် အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်တွင် မြို့နယ်အဆင့်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီမှ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲစာရင်းမှန်ကန်မှုရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။



အစည်းအဝေးတွင် မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခွန်ကျော်ရန်က မြို့နယ်အတွင်း မဲစာရင်းမှန်ကန်မှုရှိစေရေးနှင့် ကွဲလွဲမှုမရှိစေရေးအတွက် မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေး ဆောင်ရွက်သွားရန်နှင့် ၂၀၂၅ခုနှစ်၊ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားပြီး မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးထွန်းမြင့်ဝင်းက မဲစာရင်းမှန်ကန်ရန်အတွက် ဖြည့်စွက်မှု၊ ပြင်ဆင်မှု၊ လွဲမှားမှုမရှိစေရေး ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းတာဝန်ကိစ္စရပ်များ၊မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေးနှင့် မြေပြင်ကွင်းဆင်းဆောင်ရွက်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၃၆၈)**

## မိုး၊ ဆောင်းသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေးသင်တန်းဖွင့်လှစ်

**ဇေယျာသီရိ အောက်တိုဘာ ၂၂**

ဇေယျာသီရိမြို့နယ်အတွင်း မိုး၊ ဆောင်းသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ပညာပေးသင်တန်းကို အောက်တိုဘာ ၂၀ ရက် မွန်းလွဲပိုင်းက စည်ပင်သာယာကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ (KC) ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) မျိုးစေ့ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာယုမွန်၊ မြေအသုံးချဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်သူဇာဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးပြေသိန်းနှင့် တာဝန်ရှိသူများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း ပြည့်မီရေးလိုက်နာဆောင်ရွက်ရမည့်အချက်များ၊ စိုက်ပျိုးရေရရှိနိုင်ရန် ဆောင်ရွက်ရမည့်အချက်များနှင့် စိုက်ပျိုးရမည့်နည်းပညာများ၊ သဘာဝမြေသြဇာ အသုံးပြုစေရေးနှင့် သီးနှံများတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေး၊ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေးအကြောင်းကို ဆွေးနွေးပို့ချခဲ့ပြီး တက်ရောက်လာသည့် တောင်သူများ၏ မေးမြန်းဆွေးနွေးမှုများအပေါ် ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။



**(ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**

**လျှပ်စစ်သုံးလျှင် သတိယှဉ်**
**ဝန်အားမမျှ မသုံးရ။**

## မတ္တရာမြို့နယ် ရေနံ့သာကျေးရွာအုပ်စု စွန့်လွှတ်မြေများအား (ဒုတိယအကြိမ်) ပုံစံ(၇)ပေးအပ်

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ရေနံ့သာကျေးရွာအုပ်စု၊ အမှတ်(၂၂) စိုက်ကွင်းမှ စွန့်လွှတ် မြေများအား(ဒုတိယ အကြိမ်) ပုံစံ(၇)ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ၂ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် ကော်မတီဝင်များ၊ မတ္တရာမြို့နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်အောင်ထွန်းနှင့် ကော်မတီဝင်များ၊ အမှတ်(၂၂)စိုက်ကွင်းမှ တောင်သူဦးကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မတ္တရာမြို့နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူးက ပုံစံ(၇)ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင် ဦးတင်မောင်ဝင်း၊ ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းသူအောင်နှင့် တာဝန်ရှိသူများက စွန့်လွှတ်မြေများမှ တောင်သူဦးကြီးများအား ပုံစံ(၇)များ အသီးသီးပေးအပ်ခဲ့ကြသည်။



လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီက အမှတ်(၂၂)စိုက်ကွင်းမှ စွန့်လွှတ်မြေ ၄၅၁ ဒသမ ၉၅ ဧကမှ ပထမအကြိမ်တွင် ဦးပိုင်ပေါင်း ၄၈၊ တောင်သူ ၃၉ ဦး၏ မြေဧက ၁၃၁ ဒသမ ၉၄ ကို ၂၀၂၃ခုနှစ်၊ ဩဂုတ် ၁၈ရက်က ပေးအပ်ခဲ့ပြီး ဒုတိယအကြိမ်တွင် ဦးပိုင်ပေါင်း ၅၂၊ တောင်သူ ၃၅ ဦး၏ မြေဧက ၁၃၅ဒသမ ၉၃ ကို ပုံစံ(၇)ပေးအပ်ခြင်းဖြစ်ကာ ကျန်ရှိသော စွန့်လွှတ်မြေများကို စိစစ်၍ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ)**

**(ဝ၉၃)**

ဝ-ဝ-ဝ-ဝ-ဝ

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



## ဒန့်သလွန်ရွက်

ဒန့်သလွန်ရွက်တွင် ဗီတာမင်အေ ကြွယ်ဝစွာ ပါဝင်သောကြောင့် မျက်လုံးကျန်းမာရေးကို ထောက်ပံ့ပေးပြီး အသက်ကြီးလာတဲ့အခါ ဖြစ်ပေါ်လေ့ရှိသည့် အမြင်အာရုံ ပြဿနာများကို လျော့ပါးစေနိုင်ပါတယ်။

ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနဲ့ ဗီတာမင်စီများစွာပါဝင်သောကြောင့် ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်ကို အားကောင်းစေပါတယ်။

ဆီးချိုရောဂါရှိသူများရဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်ပါတယ်။

ဗီတာမင်ဘီအုပ်စုများ ပါဝင်သောကြောင့် ဦးနှောက်ရဲ့လုပ်ငန်းဆောင်တာများကို ပိုမိုကောင်းမွန်စေပါတယ်။

အမျှင်ဓာတ်များ မြင့်မားစွာပါဝင်သောကြောင့် အစာချေဖျက်မှုကို လွယ်ကူချောမွေ့စေပါတယ်။

ရောင်ရမ်းခြင်း၊ ကိုက်ခဲခြင်းနဲ့ နာကျင်ခြင်းတို့ကို သက်သာစေသည့် ဂုဏ်သတ္တိများပါဝင်ပါတယ်။

ခန္ဓာကိုယ်အတွင်းရှိ မကောင်းသော အဆီများ စုပုံခြင်းကို လျော့ပါးစေပါတယ်။

ညအိပ်ရာဝင်ခါနီးတွင် သောက်သုံးပေးပါက စိတ်ကို ငြိမ်သက်စေပြီး ကောင်းစွာအိပ်ပျော်စေပါတယ်။

ခန္ဓာကိုယ်အတွင်းရှိ ဟော်မုန်းများကို ချိန်ညှိပေးနိုင်သည့် ဓာတ်ပစ္စည်းများ ပါဝင်ပါတယ်။

ဓာတ်တိုးဆန့်ကျင်ပစ္စည်းများရဲ့ အစွမ်းကြောင့် ထိခိုက်ဒဏ်ရာများကို သဘာဝအတိုင်း အမြန်ကျက်စေရန် ကူညီပေးပါတယ်။

သွေးကြောများကို ကျယ်ပြန့်စေပြီး သွေးလည်ပတ်စီးဆင်းမှုကို ကောင်းမွန်စေသောကြောင့် သွေးတိုးကျစေနိုင်ပါတယ်။

ဂေါက်ရောဂါဖြစ်စေသော ယူရစ်အက်ဆစ် ပမာဏကို လျှော့ချရာတွင် အသုံးပြုလေ့ရှိပါတယ်။

ဒန့်သလွန်ရွက်အစိမ်း (သို့မဟုတ်) ၄င်း၏ သတ္တုရည်ညှစ်ထားသော ဖျော်ရည်ဟာ ဘက်တီးရီးယားပိုးမွှားအချို့ကို တားဆီးနိုင်တဲ့ ဂုဏ်သတ္တိရှိပါတယ်။

ရိုးရာဆေးကျမ်းများမှာ ခန္ဓာကိုယ်မှ အဆိပ်အတောက်များကို ဖယ်ရှားရှင်းလင်းပေးသော သဘာဝဆေးအဖြစ် အသုံးပြုကြပါတယ်။



## ဆူးပုပ်ရွက်

ဆူးပုပ်ရွက်ရဲ့ အရွက်နုတွေမှာ ပရိုတင်းဓာတ်က သာမန်အရွက်တွေထက် အဆမတန် မြင့်မားစွာ ပါဝင်ပါတယ်။

ဆူးပုပ်စေ့တွေမှာ သကြားစုပ်ယူမှုကို နှေးကွေးအောင် ကူညီပေးနိုင်တဲ့ ဓာတ်ပစ္စည်းတွေ ပါဝင်ပါတယ်။ ဆီးချိုသမားတွေ စားသုံးသင့်ပါတယ်။

အမျှင်ဓာတ်မြင့်မားစွာ ပါဝင်သောကြောင့် အစာခြေစနစ်ကို ကူညီပေးပြီး အူမကြီးကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးပါတယ်။ ဝမ်းမှန်ချင်သူတွေ စားသုံးသင့်ပါတယ်။

ဆူးပုပ်ရွက်မှာ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ ကြွယ်ဝစွာ ပါဝင်သောကြောင့် ဆဲလ်တွေပျက်စီးယိုယွင်းတာကို ကာကွယ်ပေးပြီး အသားအရေကိုပါ အားဖြည့်ပေးပါတယ်။

ဗီတာမင်အေက အခြားအရွက်တွေထက် အဆပေါင်းများစွာ ပိုများသောကြောင့် မျက်စိအမြင်အာရုံကို အားကောင်းစေပါတယ်။

ကယ်လ်စီယမ်မြင့်မားစွာပါဝင်သောကြောင့် အရိုးနဲ့သွားတွေကို ခိုင်မာသန်မာစေဖို့ ကူညီပံ့ပိုးပေးပါတယ်။

အူလမ်းကြောင်းထဲက သန်ကောင်တွေကို ဖယ်ရှားဖို့အတွက် ဆူးပုပ်စေ့အရင့်လှော်(သို့မဟုတ်) အရွက်နုကို စားပေးနိုင်ပါတယ်။

ကလေးမွေးပြီးစ မိခင်တွေအတွက် ဆူးပုပ်ရွက်နုပြုတ်ကို ငါးပိရည်နဲ့ တို့စားပေးပါက နို့ထွက်အားကောင်းစေပါတယ်။

ဆူးပုပ်ရွက်ထဲက ဓာတ်ပစ္စည်းအချို့က သွေးကြောတွေကို ကျယ်စေတဲ့ အာနိသင်ရှိလို့ သွေးတိုးကျစေဖို့ အထောက်အကူပြုပါတယ်။

ဆူးပုပ်ရွက်ဟာ သာမန်ဟင်းသီးဟင်းရွက်တစ်ခုမဟုတ်ဘဲ ပရိုတင်းမြင့်မားတဲ့၊ ဆီးချိုကို တိုက်ထုတ်ပေးနိုင်တဲ့၊ မျက်စိကို အားဖြည့်ပေးနိုင်တဲ့ အံ့မခန်းအစွမ်းသတ္တိတွေရှိတာကြောင့် မကြာခဏစားသုံးပေးသင့်ပါတယ်။



## ရှမ်းနံနံ

ရှမ်းနံနံပင်ဟာ ဟင်းခတ်အမွှေးအကြိုင်အဖြစ် ရနံ့မွှေးရုံသာမကပဲ ကျန်းမာရေးအတွက် အကျိုးကျေးဇူးတွေ ပေးစွမ်းနိုင်သောကြောင့် အိမ်တိုင်းမှာ မရှိမဖြစ် စိုက်ပျိုးထားသင့်တဲ့ သဘာဝဆေးပင် ဖြစ်ပါတယ်။

ရှမ်းနံနံပင်ကို အစိမ်းလိုက်စားသုံးခြင်းဖြင့် အိုမင်းရင့်ရော်မှုကို နှေးကွေးစေခြင်း၊ နာတာရှည်ရောဂါများကို ကာကွယ်ပေးခြင်း၊ အစာခြေစနစ်ကို ပံ့ပိုးပေးခြင်း၊ အစာခြေဖျက်ရာမှာ အရေးပါတဲ့ အင်ဇိုင်းများ ထုတ်လွှတ်မှုကို လှုံ့ဆော်ပေးပါတယ်။ စိတ်ဖိစီးမှုကို လျှော့ချပေးခြင်း၊ အာရုံကြောစနစ်ကို အားဖြည့်ပေးပြီး စိတ်ကို ပြေလျော့စေကာ စိတ်ဖိစီးမှုများကို လျှော့ချပေးပါတယ်။ နှလုံးကျန်းမာရေးကောင်းမွန်စေပြီး သွေးပေါင်ချိန်ကို ကျစေကာ နှလုံးရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ပါတယ်။ အရွက်တွေကို အခြောက်လှန်းပြီး လက်ဖက်ရည်အဖြစ်ဖျော်သောက်နိုင်ပါတယ်။

ရှမ်းနံနံပင်ရဲ့အမြစ်မှာ ဆီးရွှင်စေတဲ့ ဆေးဖက်ဝင်အာနိသင်တွေ အများအပြားပါဝင်ပါတယ်။ အမြစ်ဟာ အရွက်ထက်တောင် ဆီးရွှင်စေတဲ့ အစွမ်းသတ္တိပိုမိုပြင်းထန်ပါတယ်။ ဖောရောင်ခြင်းကို ကုသခြင်း၊ ဆီးရွှင်စေတဲ့အတွက် ကိုယ်ခန္ဓာဖောရောင်ခြင်းကို ကုသရာမှာ အလွန်ထိရောက်ပါတယ်။

ဆီးလမ်းကြောင်းဆိုင်ရာရောဂါများ၊ ဆီးလမ်းကြောင်း ပိုးဝင်ခြင်း၊ ကျောက်ကပ်ကျောက်တည်ခြင်း၊ ဆီးအိတ်ရောင်ခြင်းနဲ့ ဂနိုရောဂါများ ကုသရာမှာ အသုံးပြုကြပါတယ်။

ရှမ်းနံနံပင်ရဲ့ အမြစ်ကို ပြုတ်ပြီး(သို့မဟုတ်) လက်ဖက်ရည်အဖြစ် ဖျော်သောက်ကြပါတယ်။

အမြစ်ကို ရေနဲ့ပြုတ်ပြီး ထိုပြုတ်ရည်ကို သောက်ပါ။ အမြစ်ကို အခြောက်လှန်း၊ အမှုန့်ပြုလုပ်ပြီး လက်ဖက်ရည်အဖြစ် ဖျော်သောက်နိုင်ပါတယ်။ အမြစ်ကို ညက်အောင်ထောင်းပြီး ကိုက်ခဲသည့်နေရာများကို လိမ်းကျံပေးခြင်း(သို့မဟုတ်) အုံပေးခြင်းပြုလုပ်ပါက သက်သာပျောက်ကင်းစေပါတယ်။



## စောင်းလျားသီး

စောင်းလျားသီးတွင် ဗီတာမင်အေဓာတ် ပါဝင်သောကြောင့် မျက်စိဝေဒနာရှင်များ စားသုံးပေးသင့်ပါတယ်။

ဆီးအိမ်၊ သည်းခြေနဲ့ ကျောက်ကပ်လိုနေရာတွေမှာ ကျောက်တည်သူများအနေနဲ့ ငါးပြေမနဲ့ စောင်းလျားသီး ဆတူရောပြီး အရိုးပါစားလို့ရတဲ့အထိ ချက်စားပါက ပျောက်ကင်းစေပါတယ်။

အတွင်းလိပ်ခေါင်းရှိသူများ စောင်းလျားသီး အမှည့်ကို ဓာတ်စာအဖြစ် စားပေးနိုင်ပြီး ဝမ်းချုပ်တတ်သူ၊ ဆီးချုပ်တတ်သူများအနေနဲ့လည်း စောင်းလျားသီးအမှည့်ကို စားပေးပါက ဝမ်းမှန်စေပါတယ်။

စောင်းလျားသီးကို ဖျော်ရည်အဖြစ်သောက်သုံးပါက လေထိုး၊လေအောင့် သက်သာစေပါတယ်။ စောင်းလျားသီးစားပေးခြင်းဖြင့် သွေးတိုးကျစေပြီး နှလုံးကို ကျန်းမာစေတဲ့အပြင် ဆီးချိုကိုပါ ထိန်းပေးနိုင်ပါတယ်။ ကင်ဆာရောဂါမဖြစ်အောင်လည်း ကာကွယ်ပေးနိုင်ပြီး ကိုယ်ခံအားလည်းကောင်းစေပါတယ်။ နို့တိုက်မိခင်များ စောင်းလျားသီးစားပေးရင် နို့ထွက်အားကောင်းစေပါတယ်။



## ကညွတ်

ကညွတ်ဟာ ကျန်းမာရေးအတွက် အထောက်အကူပြုတဲ့ အစွမ်းတွေ ပါဝင်နေပါတယ်။ ဒါကြောင့် ကညွတ်ကို အခါအားလျော်စွာ စားသုံးပေးသင့်ပါတယ်။

ကညွတ်က သဘာဝဆီးဆေးဖြစ်ပါတယ်။ ကညွတ်မှာ အမျှင်ဓာတ်ကြွယ်ဝစွာ ပါဝင်ပါတယ်။ သွေးတွင်းအချိုဓာတ်ကို ထိန်းညှိပေးပါတယ်။ အရွယ်တင်နုပျိုစေပါတယ်။ နှလုံးကျန်းမာရေးကို ကောင်းမွန်စေပါတယ်။ ကင်ဆာရောဂါကိုလည်း ကာကွယ်ပေးပါတယ်။



## ဆေးအိုးပုတ်ပင်

ဆေးအိုးပုတ်ပင်ဟာ အရွက်ရှည်ရှည် ငရုတ်ကောင်းရွက်ပုံသဏ္ဌာန်နဲ့ ခပ်ဆင်ဆင်တူပါတယ်။ အပွင့်မှာ ခရမ်းရောင်ဖြစ်ပြီး သစ်ခွပန်းအပွင့်နဲ့ ဆင်တူပါတယ်။ အသီးမှာ သောက်ရေအိုးပုံသဏ္ဌာန်၊ အိုးပုတ်ငယ်ပုံသဏ္ဌာန် ရှိပါတယ်။ အပွင့်အောက်ခံက အိုးပုတ်ပုံစံလေးပါ။

ဆေးအိုးပုတ်ပင်ဟာ လျှာကင်ဆာ၊ လည်ပင်းကင်ဆာ၊ ပါးစပ်အတွင်း အပူနာ၊ ပါးစပ်အတွင်း ရေယုန်၊ သွားပိုးစားခြင်း၊ သွားကိုက်ခြင်း၊ သွားနာခြင်း၊ မှက္ခရုပေါက်ခြင်း စတဲ့ ခံတွင်းနဲ့သက်ဆိုင်သော ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ဆေးအိုးပုတ်ပင်အရွက် လက်တစ်ဆုပ်စာကို ရေဆေးပြီး ဝါး၍ ပါးစပ်အတွင်း ငါးမိနစ်ခန့် ငုံထားပေးပါ။ တစ်နေ့ကို သုံးကြိမ်ခန့်ပြုလုပ်ပေးပါက အထက်ပါရောဂါများ ပျောက်ကင်းစေပါတယ်။

ဆေးအိုးပုတ်ပင် ပဥ္စငါးပါးကို ရေနှင့် သုံးခွက်တစ်ခွက် တင်ကျိုပြီး သောက်ပါ။ ငုံပြီး ပလုတ်ကျင်းပေးပါ။



## ကင်းပုံသီး

ကင်းပုံသီးဟာ အမြင်အာရုံကို ထောက်ပံ့ပေးပြီး မျက်လုံးဝေဝါးခြင်းတို့ကို သက်သာစေတဲ့အပြင် အတွင်းတိမ်နဲ့ ရေတိမ်ရောဂါများကို ကုသရာတွင် အထောက်အကူပြုပါတယ်။ မျက်လုံးနာကျင်မှုကို လျှော့ချပေးပြီး အမြင်အာရုံကို ပိုမိုကြည်လင်တောက်ပစေပါတယ်။

သွေးတွင်းသကြားဓာတ်ကို လျှော့ချပေးပြီး ဆီးချိုဝေဒနာရှင်များအတွက် သင့်လျော်ပါတယ်။ သွေးတွင်းသကြားဓာတ်ကို လျှော့ကျစေပြီး အစာခြေဖျက်မှုကို ပိုမိုကောင်းမွန်စေကာ ခန္ဓာကိုယ်အတွက် ခွန်အားကိုလည်း ဖြစ်စေပါတယ်။

ခန္ဓာကိုယ်အတွင်းရှိ ရောင်ရမ်းမှုများကို လျှော့ချပေးနိုင်ပြီး အရေပြားရောဂါများကို သက်သာပျောက်ကင်းစေကာ ကိုယ်ခန္ဓာရဲ့ ဇီဝကမ္မဖြစ်စဉ်ကိုပါ ထိန်းညှိပေးပါတယ်။

ကင်းပုံသီးအစိမ်း သုံးလုံးကို ဖျော်ရည်ပြုလုပ်ပြီး တစ်နေ့လျှင် နှစ်ကြိမ် ပုံမှန်သောက်သုံးပေးပါက ကျန်းမာရေးအတွက် များစွာအထောက်အကူပြုပါတယ်။

အစာလည်းဆေး၊ ဆေးလည်းအစာမို့ ကင်းပုံသီးကို မကြာခဏ စားသုံးပေးသင့်ပါတယ်။

"အာရောဂျံ ပရမံ လာဘံ"

ကိုးကား – Tik Tok

## လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**မကွေး အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန်၊ မျိုးချစ် စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်နှင့် အသိပညာဗဟုသုတ တိုးပွားလာသည့် အကျိုးကျေးဇူးများအား သိရှိလာစေရန် ရည်ရွယ်၍ အောက်တိုဘာ ၂၁ ရက်



နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကာ အ-လ-က(ရဲကျောင်း)၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် မကွေးမြို့ အ-လ-က (ရဲကျောင်း)မှ ကျောင်းအုပ်ဆရာကြီး ဦးခွန်ဇာလတ်က အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအား သိသင့်၊ သိထိုက်သော လူငယ်ဆိုင်ရာ အသိပညာများကို ဟောပြောခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က ကျောင်းသားလူငယ်များ၏ရည်မှန်းချက်၊ အတတ်ပညာတတ်ဖို့သာမက အသိပညာတတ်ဖို့ပါ စာပေဖတ်ရှုကြရန်၊ လူငယ်နဲ့စာရိတ္တခေါင်းစဉ်များဖြင့် ဟောပြောပေးခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်ကျန်းမာရေး အစရှိသည့် လူငယ်ဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို ဟောပြောခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်နှင့် သုတ၊ ရသစာအုပ်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မောင်ခိုင်မင်း(ပြန်ဆက်)**

၀-၀-၀-၀-၀

## ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး

**ကျောက်တလုံးကြီး အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျောက်တလုံးကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား အသိပညာ ဗဟုသုတရရှိစေရန် အသိပညာ ပေးလုပ်ငန်းများကို လစဉ် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၁ ရက် နံနက် ၁၀ နာရီက အခြေခံပညာအလယ်တန်းကျောင်းဂနိုင်ထော့တွင် ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်၊ စာစောင်ပြပွဲများ ဆောင်ရွက်ကြသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်တလုံးကြီးမြို့ရုံးမှ မြို့ ဦးစီးမှူးဒေါ်သန္တာဝင်းက နယ်လှည့် ကွင်းဆင်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးငယ်များ လူကုန်ကူးမှုခံရခြင်းမှ ကင်းဝေးစေရန်၊ ကလေးအလုပ်သမား



အဖြစ် ခိုင်းစေခံရခြင်းမှ ကင်းဝေးစေရန် သတိထားသင့်သည့် အချက်များ၊ သတိပြုရမည့်သူများ၊ မြန်မာနိုင်ငံတွင်ဖြစ်ပွားလေ့ရှိသည့် လူကုန်ကူးမှုအမျိုးအစားများ၊ လူစုဆောင်းသည့်နည်းလမ်းများစသည့် အသိပညာပေး အကြောင်းအရာများကို ဟောပြောခဲ့သည်။

ဆက်လက်၍ စာအုပ်ပြပွဲနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်ကို ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့ ။




## ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ ကျင်းပ

**မူဆယ် အောက်တိုဘာ ၂၂**

မူဆယ်မြို့အတွင်း နေထိုင်ကြသော ဒေသခံပြည်သူများနှင့် ကျောင်းသားလူငယ်များအား ကျန်းမာရေး အသိ၊ သတိရှိစေရန်နှင့် မိမိကိုယ်တိုင်ကျန်းမာမှ အများနှင့်အတူ ဆောင်ရွက်နိုင်သည့်အရာများကို သိရှိစေရန် ရည်ရွယ်၍ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၁ နံနက် ၉ နာရီက မူဆယ်မြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျင်းပသည်။

အဆိုပါ ကျန်းမာရေးအသိပညာပေးဟောပြောပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူးက ယနေ့မိုးရာသီကာလအတွင်း ဖြစ်ပွားလျက်ရှိသော သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းတို့ကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာဝင်းက အမှိုက်များကို စနစ်တကျစွန့်ပစ်တတ်စေရန်ကိုလည်းကောင်း အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်းနှင့် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးအသိပညာပေး နံရံကပ်စာစောင်များကို ပြသခဲ့သည်။

ကျန်းမာရေး အသိပညာပေး ဟောပြောပွဲသို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားလူငယ်များ စုစုပေါင်း ၂၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုန္တလေး

## စာပေစွမ်းအား

---

* စာပေနယ်ဝယ်
  ကဗျာခြယ်
  တင့်တယ်ပွင့်ခိုင် ပန်းမြိုင်မြိုင်။
* ရှင်သန်ယုယ
  စာပေလှ
  တွေးစဉာဏ်ပြိုင် စာပန်းခိုင်။
* နှောင်းလူခေတ်ပေါ်
  စု ပြု နော်
  ရေးသော်တွေးလှိုင် ယှဉ်ကာပြိုင်။
* ရေစီးမြစ်ကမ်း
  ဘဝလမ်း
  မနွမ်းသင်းကြိုင် ရနံ့လှိုင်။
* ဦးထိပ်ပညာ
  စာပေမှာ
  မြဲစွာမယိုင် ယနေ့တိုင်။
* ကဗျာလွင်ပြင်
  ရင်ဝယ်တွင်
  ပန်းသွင်ပွင့်လှိုင် မွှေးကြိုင်ကြိုင်။
* ရေး ဆို သံများ
  စာပေအား
  ဝင့်ကြွားဂုဏ်ပြိုင် မိုးထိတိုင်။

မြကြာဖြူ (မြစ်ငယ်)

## သံဃာ့ဆေးကုသဆောင်သစ်ဖွင့်ပွဲနှင့် လှူဒါန်းရေစက်ချပွဲအခမ်းအနားကျင်းပ



**တန့်ယန်း အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်တွင် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဦးဆောင်မှုဖြင့် စုပေါင်းအလှူရှင်များမှ ဆောက်လုပ်လှူဒါန်းခဲ့သော သံဃာ့ဆေးကုသဆောင် နှစ်ထပ်ဆောင်သစ်ဖွင့်ပွဲနှင့် လှူဒါန်းရေစက်ချပွဲ အခမ်းအနားကို ပြည်သူ့ဆေးရုံ၌ ယမန်နေ့နံနက် ၉ နာရီက ကျင်းပသည်။

သံဃာ့ဆေးကုသဆောင်သစ်အား တောင်တန်းသာသနာပြုဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုခမိန္ဒ၊ ကိုင်းကုန်းပရိယတ္တိဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလ၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောလိယနှင့် ခရိုင်နှင့်မြို့နယ်တို့မှ တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့သည်။

ထို့နောက် လှူဒါန်းရေစက်ချပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တောင်တန်းသာသနာပြုဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုခမိန္ဒထံမှ ခရိုင်နှင့်မြို့နယ်တို့မှ တာဝန်ရှိသူများနှင့် အလှူရှင်များက ငါးပါးသီလခံယူဆောက်တည်ကြကာ လှူဒါန်းဖွယ်ရာများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ သံဃာ့ဆေးကုသဆောင်သစ်အား ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဦးဆောင်မှုဖြင့် စုပေါင်းအလှူရှင် စေတနာရှင်များမှ စုစုပေါင်း ကျပ်သိန်း ၄၆၇,၆၈၅,၁၀၀ အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)




## ရာသက်ပန် ဆွမ်းပဒေသာပင်လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၂**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား အလှူရှင်မိသားစုက အရုဏ်ဆွမ်းဆက်ကပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ဘဒ္ဒန္တကောသဝ(ဓမ္မာစရိယ၊ B.A)က ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး အလှူရှင် ဒေါ်ခင်ဌေးကြင် မိသားစုက ဖခင်ဦးခဲချောင်း၊ မိခင်ဒေါ်မြဖြူ၊ ခင်ပွန်း ဦးကျော်ခင်တို့အား ရည်စူး၍ ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၁၄သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဏ္ဍကအဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(အပေါ်ပုံ)

PNT

## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၃၄)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း၏ (၃၄) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို တန်ဆောင်မုန်းလဆန်း ၁ ရက် နံနက် ၅ နာရီခွဲက သိပ္ပံလမ်းနှင့် ၆၈လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ဝက်သားဟင်း၊ ခရမ်းသီးနှပ်၊ ချဉ်ပေါင်ရွက်မှျစ်ကြော်၊ ဆပ်ပြာမှုန့်ထုပ်တို့အား သံဃာတော်နှင့်သာမဏေ တစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်း ကိုးစုံနှင့် နဝကမ္မဝတ္ထုငွေကျပ် ၉၀၀၀၀ ကို စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်းအသင်းတည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော်(ပီတိသုခမိသားစု)၊ ဦးမျိုးဝင်း+ဒေါ်အိအိချော(ကောင်းထက်မဟာနှင့် ကာဇာတိုင်းပြည်မိသားစုများ)၊ ဦးအောင်သန်းလှိုင်+ဒေါ်နန်းနီနီဝင်း မိသားစု၊ ကွယ်လွန်သူ ဖခင်ကြီး ဦးသာအေး၊ မိခင်ကြီး ဒေါ်တင်ရီတို့အား ရည်စူး၍ ဦးသိန်းတန်နှင့် သား၊သမီး၊မြေးတစ်စု၊ ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်း မိသားစု၊ ဦးချိန်စီ+ဒေါ်တွမ်ဟိုက်လန့်တို့အား အမှူးထား၍ (သား) မောင်ကျော်သက်ဦး မောင်နှမတစ်စု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်သွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကိုနှင့် ညီအစ်ကိုမောင်နှမတစ်စု၊ ဦးဇော်ထွန်း+ဒေါ်နန်းရတနာမိုး(ပန်တော်ဦးအမျိုးသမီးအဆောင် မိသားစု)၊ ရပ်ကွက်နေ ပြည်သူများ၊ ဘုံဆွမ်းလောင်း အသင်းသား၊ အသင်းသူများက လောင်းလှူခဲ့ကြကြောင်း သိရသည်။



(အပေါ်ပုံ)

(ဝ၄ဝ)

## ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၂**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေး၊ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်ရှိ နန်းတော်ရှေ့ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင်အောင်မြေသာစံမြို့နယ် ၂၅လမ်း၊ ၈၇လမ်းနှင့်၈၈လမ်းကြားနေ မရင်ငြိမ်းဋ္ဌေးက ဆေးပဒေသာပင် အလှူငွေကျပ် ၆ သိန်းတိတိကို ယမန်နေ့က ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ရုံးအုပ်ကြီး ဦးစိုးမြင့်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့်အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့်၁၅လမ်းထိပ်ရှိ အလှူခံဌာနဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၁)




## ပီတိပညာရေးပရဟိတမှ အငြိမ်းစားယူထားသည့် ပညာရေး (ငြိမ်း)နှစ်ဦးအား ငွေကျပ် ၁၅ သိန်းစီ ထောက်ပံ့ပေးအပ်

**သရက် အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊သရက်မြို့တွင် အငြိမ်းစားယူထားသည့် ပညာရေး(ငြိမ်း)ဆရာမကြီးတစ်ဦးနှင့် သန့်ရှင်းရေးလုပ်သားတစ်ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၅ သိန်း ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက ခရိုင်စာကြည့်တိုက် Community Centre ခန်းမ၌ ပြုလုပ်ခဲ့သည်။

(ယာပုံ)

အဆိုပါအခမ်းအနားတွင် ပီတိပညာရေးပရဟိတ နာယက ဦးတင်ထွဋ်နှင့် မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်ဦးက ပညာရေးဌာနမှ အငြိမ်းစားယူသော ဆရာကြီး၊ ဆရာမကြီးများနှင့် ဝန်ထမ်းများအား လစဉ်အလှူငွေပေးအပ်ရာမှာ စေတနာအလှူငွေကောက်ခံသည့်စနစ်ဖြင့် ဆောင်ရွက်၍ ထောက်ပံ့ငွေပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားပေးခဲ့ပြီး ပီတိပညာရေးပရဟိတအဖွဲ့ဝင် ဦးမြင့်သိန်းက စေတနာအလှူငွေ ကောက်ခံဆောင်ရွက်ရသည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် အငြိမ်းစားပင်စင်ယူထားသည့် ဒေါ်ခင်ဌေး မူလတန်းပြ(အ·မ·က) တောင်မင်းတည်းကျေးရွာနှင့် ဦးထွန်းကြည်(သန့်ရှင်းရေး)အထက ဘော်ကျေးရွာတို့အား ပီတိပညာရေးပရဟိတမှ ထောက်ပံ့ငွေကျပ် ၁၅ သိန်းစီအား ပီတိပညာရေးအဖွဲ့နာယက ဦးအောင်ကျော်စိုးနှင့် မြို့နယ်ပညာရေးမှူးတို့က အသီးသီးပေးအပ်ခဲ့ပြီး ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)

မျက်စိလှူကြ မျက်ကြည်ရ၊ မြတ်သည့်လှူဒါန်း။

## အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၅၇၇/၂၀၁၂)အား တစ်ဖက်သတ်ရုပ်သိမ်းကြောင်း (၁၃-၉-၂၀၂၅)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာတွင် အများသိစေရန် ကြော်ငြာခြင်းကို ကန့်ကွက်ကြောင်း ပြန်လည်ကြော်ငြာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၂၂လမ်းနေ ဒေါ်ခင်စိမ်းလန်း(၉/အမဇ(နိုင်)၀၃၇၁၂၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ကန့်ကွက်ပါသည်။

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၉၅)၊ ဦးပိုင်အမှတ်(၂၅)၊ ဧရိယာ(၀ ဒသမ ၀၁၃၉)ဧက အကျယ်အဝန်းရှိ ဦးလှထွန်းတင်နှင့် ဒေါ်တိုးတိုး အမည်ပေါက်ဂရန်မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များကို(၂၃-၈-၂၀၁၂)ရက်စွဲပါ ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသပေးချေခြင်း ကတိစာချုပ်အရ ကျွန်ုပ်အမှုသည်က ယင်းအိမ်နှင့်မြေကို တန်ဖိုးငွေကျပ် သိန်း(၃၀၀)တိတိဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီပြီး ထိုနေ့မှာပင် စရန်ငွေကျပ် (၂၄၈၀၀၀၀၀/-)တိတိကို ပေးချေခဲ့ပါသည်။ ရောင်းသူများအဖြစ် ဦးလှထွန်းတင်နှင့် ဒေါ်တိုးတိုးကိုယ်တိုင် လက်ဗွေနှိပ်၊ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပါသည်။

စရန်ပေးအရောင်းအဝယ်စာချုပ် ချုပ်ဆိုသည့်နေ့မှပင် မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် ဦးလှထွန်းတင် ပါ(၂)ဦးတို့က ကျွန်ုပ်အမှုသည်သို့ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၅၇၇/၂၀၁၂)ကို ဥပဒေနှင့်အညီ တရားဝင်လွှဲအပ်ပေးထားခြင်း ဖြစ်ပါသည်။ ဦးလှထွန်းတင် ပါ(၂)ဦးတို့က အထက်ပါ စရန်ပေးအရောင်းအဝယ်ကတိစာချုပ်ကို ဆက်လက်ဆောင်ရွက်မပေးသဖြင့် မန္တလေးခရိုင်တရားရုံး တရားမကြီးမှုအမှတ်(၂၉၃/၂၀၁၃)တွင် ဦးလှထွန်းတင် ပါ(၂)ဦးတို့အပေါ် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော ငွေကျပ်(၂၄၈၀၀၀၀၀/-)တိတိ ပြန်လည်ရလိုမှု စွဲဆိုခဲ့ရာ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ပေးခဲ့ပါသည်။

ထိုအမိန့်ကို ဦးလှထွန်းတင် ပါ(၂)ဦးတို့က မကျေနပ်၍ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ အယူခံဝင်ရောက်ခဲ့ရာ မူလရုံး၏အမိန့်ကို ပယ်ဖျက်ခဲ့ခြင်းသာဖြစ်ပါသည်။ အထူးကိုယ် စားလှယ်လွှဲစာအမှတ်(၃၅၇၇/၂၀၁၂)နှင့် စပ်လျဉ်း၍ တရားမဝင်ကြောင်း၊ မမှန်မကန် ပြုလုပ်ချုပ်ဆိုထားခြင်းဖြစ်ကြောင်း သုံးသပ်ဆုံးဖြတ်ထားခြင်းမရှိပါ။

သို့ဖြစ်ရာ အဆိုပါအထူးကိုယ်စားလှယ်လွှဲစာအား ဦးလှထွန်းတင် ပါ(၂)ဦးတို့က တစ်ဖက်သက်ပြန်လည်ရုပ်သိမ်းကြောင်း ကြော်ငြာခြင်းကို အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရသူ ကျွန်ုပ်အမှုသည်က လုံးဝသဘောမတူညီကြောင်းနှင့် ကန့်ကွက်ကြောင်း အများသိစေရန် ပြန်လည်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင်းမာ (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**ရုံးခန်း-လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၅၅၄၆၄၂၆၃**

## အထွေထွေကိုယ်စားလှယ်လွှဲစာကို ပြန်လည်ဖျက်သိမ်းကြောင်း အများသိစေရန် ကြော်ငြာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၅၈လမ်း၊ ၃၉(အေ)လမ်းနေ ဒေါ်ဝမ်ဆိုင်းလီ(ဘ)ဦးဝမ်ဆုံဆော်(ခ)ဝမ်ယုပ်ဆော့(၁၃/ကဆန(နိုင်)၀၆၆၅၉၈)ကိုင်ဆောင်သူက မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ နန်းရှေ့၊ ၂၄လမ်း၊ ၆၂လမ်းနှင့် ၆၃လမ်းကြားနေ ဒေါ်စန္ဒာထွန်း(ဘ)ဦးမောင်မောင်(၉/မကန(နိုင်)၀၈၂၄၉၉)ကိုင်ဆောင်သူသို့ မိမိ၏ကိုယ်စား လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင်(၁၇-၅-၂၀၂၃)ရက်နေ့တွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၄၄၉/၂၀၂၃)ဖြင့် လွှဲအပ်ခဲ့ပါသည်။ လွှဲအပ်ထားသောကိစ္စရပ်များအတွက် လွှဲအပ်ခြင်းခံရသူ ဒေါ်စန္ဒာထွန်းမှ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသည့်အတွက် ဆက်လက်ဆောင်ရွက်ရန် မလိုအပ်တော့ပါသဖြင့် ပြန်လည်ဖျက်သိမ်းပါကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| **လွှဲအပ်သူ-** | **လွှဲအပ်ချက်အရ-** |
|---|---|
| **ဒေါ်စန္ဒာထွန်း(ဘ)ဦးမောင်မောင်** | **ဒေါ်နှင်းပွင့်ဖြူ (LL.B,D.B.L)** |
| **(၉/မကန(နိုင်)၀၈၂၄၉၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၂၀)** |
| | **ပုသိမ်ကြီးမြို့နယ်။ ဖုန်း ၀၉-၂၅၉၂၃၉၇၂၄** |

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၀)၊ ဦးပိုင်အမှတ်(၁၈)၊ ၅၇စီလမ်း၊ ၁၁၂(A)လမ်းနှင့် ၁၁၂(B)လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ရင်ရင်(၉/သပက(နိုင်)၀၃၁၁၄၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၈)၊ ဦးပိုင်အမှတ်(၁/၈၈)၊ ၇၂လမ်းနှင့် ၇၃လမ်းကြား၊ သံလမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဘိန်ဟင်း(ခ)ခွေလေး၏ (SP ရရှိသူ ဒေါ်မေရင်(ခ)ဒေါ်သန်းသန်းအေး)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၀၅၄/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သော ဦးကျားနဲ့(ခ)ထွေးအောင်၊ ဦးဝင်းဇော်ဦး၊ ဦးထွန်းထွန်းဦးတို့(၃)ဦးအနက် ဦးဝင်းဇော်ဦးပါ(၂)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၉၇၆/၂၀၂၅)ဖြင့် လက်ခံခဲ့သူ ဦးကျားနဲ့(ခ)ထွေးအောင်(၁/မကန(နိုင်)၀၈၃၂၁၅)က အမှုတွဲအမှတ်(၃၀၉၀/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၀)၊ ဦးပိုင်အမှတ်(၃၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ ဒေါ်အေးဇင် (ဘ)ဦးအိုက်မောင်(၁၃/လလန(နိုင်)၀၇၂၈၉၁)နှင့် ၂။ ဒေါ်အေးမြတ်နန္ဒာ(ဘ)ဦးအိုက်မွန်(၉/ခအဇ(ပြု)၀၀၀၄၃၉)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| **ဦးရဲဝင်း (LL.B)** | **ဦးပြည့်ကိုကို (LL.B)** | **ဒေါ်မြင့်မြင့်အေး (LL.M)** | **ဒေါ်ချောစု (LL.B)** | **ဦးဝင်းမောင် (LL.B)** |
|---|---|---|---|---|
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁(အေ)လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အကွက်အမှတ်(ဗ-၂၈)၊ ဦးပိုင်အမှတ်(၅၀-က)၊ (၂၀ × ၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြော်ငြာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၈)၊ ဦးပိုင်အမှတ်(၅၀-က)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ "ဦးခင်မောင်သိန်း"အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် "ဒေါ်ခင်ဌေးစီ(ဘ)ဦးထွန်းရွှေ"(၉/မနတ(နိုင်)၀၀၆၃၅၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့်မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| **ဒေါ်ယဉ်ယဉ်မေ (LL.B)** | **ဒေါ်ယဉ်ယဉ်ဌေး (LL.B)** |
|---|---|

**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ ၁၁၃လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၁)၊ ဦးပိုင်နံပါတ်(၅၅)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ မြေနေရာချထားပေးခြင်းခံခဲ့ရသူ (ဖခင်-ခင်ပွန်း-အဘိုး)ဦးခင်မောင်ဝင်း ကွယ်လွန်သွားသဖြင့် လက်ရှိပူးတွဲအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်ရင်ရင်မြ(ဘ)ဦးကြည်(၉/မနမ(နိုင်)၀၄၈၈၃၂)၊ ဒေါ်တင်တင်နွယ်(ဘ)ဦးခင်မောင်ဝင်း(၉/ပသက(နိုင်)၀၁၄၀၅၇)၊ ဒေါ်သင်းသင်းဦး(ဘ)ဦးခင်မောင်ဝင်း(၉/မနမ(နိုင်)၁၂၀၆၃၉)၊ ဦးသန်းထွန်း(ဘ)ဦးသိန်းလွင်(၉/ပသက(နိုင်)၀၁၄၁၇၉)၊ ဦးကျော်သီဟ(ဘ)ဦးလှဌေး(၉/ပသက(နိုင်)၀၆၉၃၆၈)၊ ဦးသိန်းစိုး(ဘ)ဦးလှဌေး(၉/ပသက(နိုင်)၀၆၉၃၇၃)၊ ဒေါ်မျိုးစံပယ်(ဘ)ဦးလှဌေး(၉/ပကခ(နိုင်)၀၀၂၈၆၇)နှင့် ဒေါ်ဖြိုးစံပယ်(ဘ)ဦးလှဌေး(၉/ပကခ(နိုင်)၀၁၅၇၀၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ အကွက်အမှတ်(၄၃၆)၊ ဦးပိုင်အမှတ်(၁၀-၁၁က)၊ ဧရိယာ(၀ ဒသမ ၀၉၈၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဒေါ်မေကြည်နှင့် ဒေါ်ရွှေကြည်တို့ ပူးတွဲအမည်ပေါက်လျက်ရှိပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးချစံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပူးတွဲအမည်ပေါက်သူ ဒေါ်ရွှေကြည်ကိုယ်စားနှင့် မိမိကိုယ်တိုင်အတွက် ဒေါ်မေကြည်(၅/ငဇန(နိုင်)၀၀၄၄၀၅)က ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများပြသပြီး အဆုံးအပိုင်လက်ရောက်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးဝင်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော အထောက်အထားပြ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာပါသည်။

**ဦးကျော်နိုင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၁၇၅)**
**ရုံးခန်း-၆၄လမ်း၊ ၁၀၉လမ်းနှင့် ၁၁၀လမ်းကြား၊ မြို့သစ်(၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၃၃၁၄၊ ၀၉-၂၅၉၂၀၄၇၅၇**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁)၊ ဦးပိုင်အမှတ်(၅၃)သည် ဒေါ်နိုင်နိုင်စိုး အမည်ပေါက်လျက်ရှိပြီး ဦးပိုင်အမှတ်(၅၄)သည် ဒေါ်စောယုမေ အမည်ပေါက်လျက်ရှိပါသည်။ ယခုအခါ အဆိုပါဂရန်မြေကွက်များနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများ(ရေ+မီး)အစုံအပါအဝင် နေထိုင်ပိုင်ဆိုင် အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်များဖြင့် ဝယ်ယူကာ လက်ရှိပိုင်ဆိုင်အသုံးပြုလျက်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလှချင်ရှိး(၁၃/လရန(နိုင်)၀၇၁၉၀၈)နှင့် ဇနီး ဒေါ်နီ(၉/မနမ(နိုင်)၀၁၉၆၄၄)တို့က ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများပြသပြီး အဆုံးအပိုင် လက်ရောက်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးဝင်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော အထောက်အထားပြ စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးကျော်နိုင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၁၇၅)**
**ရုံးခန်း-၆၄လမ်း၊ ၁၀၉လမ်းနှင့် ၁၁၀လမ်းကြား၊ မြို့သစ်(၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၃၃၁၄၊ ၀၉-၂၅၉၂၀၄၇၅၇**

❖ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံသူနိုင်ငံသားအားလုံး စည်းလုံးညီညွတ်စွာနဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ပြီး နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြဖို့ လိုအပ်တယ်...

❖ ပြည်ထောင်စုစိတ်ဓာတ်ဟာ အတိတ်သမိုင်းရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုမှာ အရင်းခံဖြစ်ခဲ့သလို အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက်လည်း အခြေခံအုတ်မြစ်ဖြစ်တယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော နှစ် (၈၀) ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၂၂**

(၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းတို့သည် အောက်တိုဘာ ၂၄ ရက် ညနေ ၃ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၂၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်





သီပေါမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်သင်ကြားပေးနေမှုကို တွေ့ရစဉ်။

## သီပေါမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ် ဆက်လက်လက်ခံ ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

နေပြည်တော် အောက်တိုဘာ ၂၂

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပြန်လည် လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေး စသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိ ကျောင်းသား ကျောင်းသူများ၏ ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဒေသခံတိုင်းရင်းသားပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးစဉ်။

ထို့ပြင် သီပေါမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာ ၂၁ ရက်မှစ၍ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံလျက်ရှိရာ ယနေ့တွင် ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား ကျောင်းသူ ၆၀၇ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၇၁၉ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ယင်းအပြင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနက သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို စတင်ဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူများ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သီပေါမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်ယူနိုက်တက်အသင်းနှင့် Junior Lions အသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်ယူနိုက်တက်(ယူ-၂၁) အသင်းသည် MNL Youth (U-21) League (Week-26) အဖြစ် Junior Lions အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဖက်တစ်ဂိုးစီဖြင့်သရေ ရလဒ်ထွက်ပေါ်ခဲ့သည်။

ရန်ကုန်လူငယ်အသင်းအတွက် သွင်းဂိုးအား ပွဲချိန်(၆၅) မိနစ်တွင် လမင်းပြည့်စုံမှသွင်းယူပေးခဲ့သည်။ Junior Lions အသင်းအတွက်ချေပဂိုးအား မိနစ်(၉၀)အပြီး နာကျင်အချိန်ပို(၃) မိနစ်တွင် သီဟအောင်မှသွင်းယူပေးခဲ့သည်။

ရန်ကုန်ယူနိုက်တက်(ယူ-၂၁)အသင်းသည် MNL Youth (U-21) League ရာသီပြီးဆုံးချိန်တွင်(၂၆)ပွဲကစား၊ (၁၅)ပွဲနိုင်၊ (၆)ပွဲသရေ၊ (၅)ပွဲရှုံး၊ ရမှတ် (၅၁) မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် (၄) ဖြင့်ရာသီပိတ်သိမ်းခဲ့ကြောင်း သိရသည်။

(NGB)

